# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၅၈)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၃ ရက် ၊ ၁၄-၅-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးကြီးနိုင်

**မန္တလေး မေ ၁၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ မေ ၁၃ရက်၊ မြန်မာစံတော်ချိန် ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ မုတ်သုံ လေဆက်လက်ဝင်ရောက်လာနိုင်ခြင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းတို့မှ မိုးကြီးနိုင်သည်ဟု မိုး/ဇလက ခန့်မှန်းချက်ထုတ်ပြန်ထားသည်။




နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်ဟု သိရသည်။

"မိုးတိမ်တောင်တွေ ရွှေ့လျားရာနေရာတစ်လျှောက်မှာ မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစတဲ့ မိုးလေဝသဖြစ်စဉ်တွေရှိနိုင်လို့ အများပြည်သူအနေနဲ့ ကြိုတင်သတိထားကြဖို့ အကြံပြုပါတယ်"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

မေ ၁၃ ရက် ညပိုင်းမှ ၁၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

အလားတူ မေ ၁၇ ရက်မှ ၂၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**




# လျှော်ဘေးသင့်ပြည်သူများအတွက် အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြုပြင်ရာတွင် သွပ်၊ သံနှင့်ဘိလပ်မြေများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်ပြည်သူများအတွက် အဆောက်အအုံများပြန်လည်ဆောက်လုပ်ပြုပြင်ရာမှာ သွပ်၊ သံနှင့် ဘိလပ်မြေများလိုအပ်သဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၇၃လမ်း၊ လမ်း၃၀ နှင့် ၃၁လမ်းကြားရှိ သတ်မှတ်နေရာ၌ မေ ၁၃ ရက်မှ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့်အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရာ၌ အရည်အသွေးမှန်ကန်သည့် ပစ္စည်းများ အသုံးပြုနိုင်ရေး၊ ဈေးနှုန်းသက်သာစေရေးနှင့် အဆောက်အအုံများ မြန်ဆန်စွာ ဆောက်လုပ်နိုင်ရေး ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး သက်ဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ရောင်းချပေးခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး သွပ်၊သံနှင့်ဘိလပ်မြေများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝယ်ယူသူများ၏ စကားသံကို မန္တလေးနေ့စဉ်သတင်းစာမှ မေးမြန်းတင်ဆက်ပေးလိုက်ပါသည်။


စာမျက်နှာ ၃ သို့

၂၀၂၅ ခုနှစ် ၊ မေ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး

# လူ့စွမ်းအားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိ

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ စက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင်သင်ကြားမည့် ဆရာ၊ ဆရာမများက သင်ခန်းစာကို အခြေခံကစပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်၍ စာသင်နှစ်အတွင်း မိမိဘဝအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် စက်မှုပညာများကို လုပ်ငန်းခွင်ဝင်သည့်အခါ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပြီး စဉ်ဆက်မပြတ်သင်ယူလေ့လာကြပါ။ ကျရာအခန်းကဏ္ဍမှ နိုင်ငံနှင့်လူမျိုးအတွက် စက်မှုနှင့်ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြပါ။ စက်မှုအခြေခံကောင်းများမှစ၍ တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြင့်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားကြရန်လိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မေ ၁၂ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၌ ကျင်းပသည့် စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကလုပ်ငန်းများတွင် အားထားရသည့် လူငယ်လူရွယ်များဖြစ်အောင် သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးမည့် ဘာသာရပ်များကို စိတ်ဝင်စားစွာဖြင့် ကြိုးစားသင်ယူရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ် (၁၃)ကို သင်တန်းသား ၁၄၀ နှင့် သင်တန်းသူ ၃၂ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၇၂ ဦးဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်း၌ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း ဘာသာရပ်နှင့် ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုဘာသာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန်အတွက် လူသားအရင်းအမြစ်သည် အဓိကကျသည်။ ကျွမ်းကျင်၊ ရိုးသား၊ စွမ်းရည်မြင့်မား၊ စက်မှုသင်တန်းသားဆိုသည့် စက်မှုသင်တန်းကျောင်း၏ ဆောင်ပုဒ်နှင့်အညီ ယခုထက်ပိုမိုကျွမ်းကျင်အောင်၊ မိမိမှာရှိသည့် စွမ်းရည်များအဆင့်ဆင့် ပိုမိုမြင့်မားအောင် သင်ယူကြရမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့တို့တွင် စက်မှုသင်တန်းကျောင်းများကိုဖွင့်လှစ်၍ အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင် လုပ်သားများကို နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပြီး သထုံနှင့် မုံရွာမြို့များတွင်လည်း စက်မှုသင်တန်းကျောင်းအသစ်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ရေနီမြောင်းလမ်း၊ ၃၈ လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်စုံဘုန်းကြီးကျောင်းအနီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၁၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက် (၁၂)၊ အနိုမ်တော်ရပ်ကွက်၊ လမ်း ၆၀နှင့် ၁၉လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဈ-၁ နှင့် ၂)ကြား၊ မြို့ကွက်(၃)ရပ်ကွက်၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတောင်ဘက်တွင်လည်းကောင်း၊ မေ ၁၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉ လမ်းနှင့် လမ်း၄၀ ကြားတွင်လည်းကောင်း၊ မေ ၁၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ.ထ.က(၁)အနောက်ဘက်တွင်လည်းကောင်း၊ မေ ၁၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက် (၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ၈၀ ကျပ် ထပ်မံဈေးကျဆင်း

**နေပြည်တော် မေ ၁၃**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၆၆၂၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန် ကြေညာထားသည်။

ပြီးခဲ့သည့် အပတ်(၅-၅-၂၀၂၅)မှ(၁၁-၅-၂၀၂၅)ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် (၁၂-၅-၂၀၂၅)မှ (၁၈-၅-၂၀၂၅) ညွှန်းဈေးသည်လည်း ငွေကျပ် ၆၆၂၀ ဖြစ်သဖြင့် ၈၀ ကျပ် ဈေးကျသွားခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၅)

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီ ပထမဆုံးလတွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲ တန်ချိန်တစ်သိန်းကျော် တင်ပို့နိုင်ခဲ့

**မန္တလေး မေ ၁၃**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အစ ဧပြီ ပထမဆုံးလတွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရာတွင် တန်ချိန် ၁၄၂၇၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းများအရ သိရသည်။




၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခွဲလျာထားပြီး၊ ဘဏ္ဍာနှစ်ကုန်ဆုံးချိန် မတ်လ ၃၁ ရက်အထိ လျာထားချက်၏ ၉၉ ရာခိုင်နှုန်းဖြစ်သော တန်ချိန် ၂ ဒသမ ၄၈၇ သန်းကို တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ် ပထမဧပြီလတွင် ဆန်တန်ချိန် ၆၉၁၉၄ တန်၊ ဆန်ကွဲ ၇၃၅၉၄ တန် တင်ပို့နိုင်ခဲ့ကြောင်း MRF က ထုတ်ပြန်ထားသည်။

ဧပြီလတွင် ဆန်တင်ပို့မှု ကုမ္ပဏီ ၄၉ ခုမှ နိုင်ငံပေါင်း ၉ နိုင်ငံသို့ တင်ပို့ခဲ့ပြီး ဆန် တန်ချိန်အများဆုံးကို တရုတ်နိုင်ငံကလည်းကောင်း၊ ဒုတိယအများဆုံးကို ဘူဂေးရီးယားနိုင်ငံ၊ တတိယအများဆုံးကို ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။

ဆန်ကွဲကို တရုတ်နိုင်ငံ ပထမအများဆုံး၊ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယအများဆုံးနှင့် တတိယအများဆုံးမှာ UK နိုင်ငံတို့က အသီးသီးဝယ်ယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❁ ရွှေဖုံးမှ



**မဟာအောင်မြေခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး။**

ကျွန်တော်တို့အနေနဲ့ ငလျင်ကြောင့် ပျက်စီးသွားတဲ့ အဆောက်အအုံတွေပြင်ဆင်ဖို့ လိုအပ်တဲ့ ဘိလပ်မြေ၊ သံချောင်းတွေကို သက်သာတဲ့နှုန်းထားနဲ့ စက်ရုံထုတ်ဈေးနီးပါးရောင်းချပေးနိုင်ဖို့ လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ဘိလပ်မြေတစ်အိတ်ကို စက်ရုံဈေး ငွေကျပ် ၁၇၅၀၀ နဲ့ ရောင်းချပေးတာပါ။ ရောင်းချမယ့် အရေအတွက် ကန့်သတ်ထားတာမရှိပါဘူး။ကိုယ့်ရဲ့ ပျက်စီးတဲ့ အဆောက်အအုံက ဘိလပ်မြေအိတ် (၅၀)လောက်လိုတာကို အိတ်(၁၀၀)လောက် ဝယ်ယူတာမျိုးမဖြစ်စေချင်ပါဘူး။ ဒါကိုလည်း သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်ပြီး သင့်တင့်လျောက်ပတ်တဲ့ အိတ်အရေအတွက်ကို အင်ဂျင်နီယာအဖွဲ့က စိစစ်ပေးမှာဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်တဲ့ အရေအတွက်ကိုပဲ ရောင်းချပေးမှာဖြစ်ပါတယ်။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံတွေ ထိခိုက်ပျက်စီးခဲ့တဲ့ ပြည်သူများအနေနဲ့ မိမိတို့အဆောက်အအုံတွေမှာ သာမန်အသေးစား ပြင်ဆင်ရမယ်ဆိုရင် လိုအပ်သလောက်ပဲ လာရောက်ဝယ်ယူစေလိုပါတယ်။ အကြီးစားပြင်ဆင်ဖို့ လိုအပ်ရင် တတ်ကျွမ်းတဲ့ အင်ဂျင်နီယာတွေနဲ့ တွက်ချက်ပြီး ခွင့်ပြုချက်ရယူပြီးမှ ပြန်လည်ပြင်ဆင်သင့်တယ်လို့ အကြံပြုလိုကြောင်း ပြောကြားသည်။



**ဆောက်လုပ်ရေးသုံးပစ္စည်းများ လာရောက်ဝယ်ယူသူ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အုပ်စုမှ ဦးရန်ရှင်း။ (အပေါ်ယာပုံ)**

“ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အုပ်စုမှာ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ အိမ်ထောင်စု ၄၉ စုရှိပါတယ်။ သူတို့အတွက် ဘိလပ်မြေတွေကို လာဝယ်တာပါ။ခုရောင်းပေးတဲ့ ဘိလပ်မြေဈေးက အပြင်ပေါက်ဈေးထက် အများကြီးသက်သာတယ်။ ဒီလိုသက်သာတဲ့ ဈေးနှုန်းနဲ့ ပြည်သူတွေ အဆင်ပြေအောင် ရောင်းချပေးတဲ့အတွက် ဝမ်းသာပါတယ်။ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ အဆောက်အအုံတွေ ပြန်လည်ပြုပြင်တည်ဆောက်ဖို့ သစ်တွေ၊ သံတွေလည်း လိုအပ်တဲ့အတွက် အိမ်ဆောက်ပစ္စည်း မှန်သမျှကို အတတ်နိုင်ဆုံး သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးမယ်ဆိုရင် ပြည်သူတွေ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမှာပါ”ဟု ပြောကြားသည်။



**ဆောက်လုပ်ရေးပစ္စည်းများ လာရောက်ရောင်းချသည့် မြန်မာ-မန္တလေးဖူရှင်စတီးကုမ္ပဏီလီမိတက်မှ ဒုတိယမန်နေဂျာ ဒေါ်ရီရီငွေး။**

“ကျွန်မတို့ ကုမ္ပဏီအနေနဲ့ သံချောင်းလုံးတွေကို ရောင်းချပေးနေပါတယ်။ နောက်ပြီး ငလျင်ဒဏ်သင့် ပြည်သူတွေ လိုအပ်တဲ့ ပစ္စည်းအရေအတွက်ကိုလည်း စာရင်းကောက်ယူနေပါတယ်။ ဈေးနှုန်းတွေကတော့ အပြင်မှာရောင်းချတဲ့ ဈေးနှုန်းထက် သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးတာပါ။ ငလျင်ဘေး ပြန်လည်ထူထောင်ရေးမှာ အထောက်အကူဖြစ်ပြီး မန္တလေးမြို့ကြီး မြန်မြန်ဆန်ဆန်နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရောင်းချပေးတာဖြစ်ပြီး ကျွန်မတို့စက်ရုံထုတ်ပစ္စည်းတွေကို အရည်အသွေးပိုမိုကောင်းမွန်အောင် စမ်းသပ်ထုတ်လုပ်ထားတာဖြစ်တဲ့အတွက် စက်ရုံထုတ်သံတွေကို ယုံကြည်စိတ်ချစွာ အသုံးပြုလို့ရပါတယ်”ဟု ပြော ကြားသည်။



**ဆောက်လုပ်ရေးသုံးပစ္စည်းများ လာရောက်ဝယ်ယူသည့် ပြည်ကြီးတံခွန်မြို့နယ်မှ ဦးလှိုင်မင်း။**

“ငလျင်ဒဏ်ကြောင့် အိမ်က အုတ်နံရံတွေအက်ကွဲသွားလို့ ဘိလပ်မြေလိုတဲ့အတွက် လာရောက်ဝယ်ယူတာပါ။ဈေးနှုန်းအနေနဲ့တော့ တစ်အိတ်ကို ငွေကျပ် ၁၇၅၀၀ ပေးရတယ်။ အပြင်ဈေးနှုန်းထက် အများကြီးသက်သာပါတယ်။ ငလျင်ကြောင့် အိမ်ပျက်စီးသွားတာတွေ ပြင်ဆင်ဖို့လိုအပ်တဲ့ ပြည်သူတွေကို အခုလို ဈေးနှုန်းချိုသာစွာနဲ့ အလွယ်တကူ ရောင်းချပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဝယ်ယူရတာလည်း အားလုံးအဆင်ပြေပါတယ်”ဟု ပြောကြားသည်။

ငလျင်ဘေးပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်စေပြီး ငလျင်ဘေးသင့် ပြည်သူများ လိုအပ်သော သွပ်၊ သံနှင့်ဘိလပ်မြေတို့ကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသည့် လိုအပ်ချက်ပေါ်မူတည်၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဆက်ဝေ**

၀-၀-၀-၀-၀

## ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများ ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်းကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးနိုင်မျိုးဟန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပြိုင်ပွဲအတွက် ဘောလုံးသမားအပြောင်းအရွှေ့ကာလ ထုတ်ပြန်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပမည့် ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲအား ၂၀၂၅ ဩဂုတ်လ ၁၆ ရက်တွင် စတင်ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။




သို့ဖြစ်ရာ ပထမအကျော့ပြိုင်ပွဲအတွက် ကစားသမားခေါ်ယူခြင်း၊ စာချုပ်သက်တမ်းတိုးခြင်း စသည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဘောလုံးသမားအပြောင်းအရွှေ့ကာလ (Player Transfer Window Period)ကို ၂၀၂၅ မေလ ၁၆ ရက်မှ ဩဂုတ်လ ၇ ရက်အထိ သတ်မှတ်ထားပါသည်။

ပြိုင်ပွဲဝင်ကလပ်အသင်းများအနေဖြင့် အုပ်ချုပ်မှုအဖွဲ့နှင့် ပြည်တွင်းကစားသမားများ မှတ်ပုံတင်သွင်းခြင်းကာလကို ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၅ ရက်အထိလည်းကောင်း၊ ပြည်ပကစားသမားများအတွက် ITC လျှောက်ထားခြင်းနှင့် မှတ်ပုံတင်သွင်းခြင်းကာလကို ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၇ ရက်၊ မွန်းတည့် ၁၂:၀၀ အချိန် နောက်ဆုံးထား ဆောင်ရွက်သွားရမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်-၁ ပြိုင်ပွဲဝင်အသင်းများသည် ကစားသမားအနည်းဆုံး(၂၅)ဦးမှ အများဆုံး (၃၂)ဦးအထိ မဖြစ်မနေ မှတ်ပုံတင်ရမည်ဖြစ်သည်။ ထိုသို့မှတ်ပုံတင်ရာတွင် ပြည်တွင်းကစားသမား (၂၆)ဦး+နိုင်ငံခြားကစားသမား (၆)ဦး၊ (Any Country Player (5)+Asian Player (1) မှတ်ပုံတင်ခွင့်ရှိမည်ဖြစ်သည်။

(NGB)

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသည့် ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ Semivirtual စနစ်ဖြင့် ကျင်းပသည့် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများနှင့်ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများအတွက်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီတွင် မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ငလျင်ကြီးကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများ ဖြစ်ပွားလာပါက ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စောစီးစွာ ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိကာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ၊ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ခြင်လောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများ၊ ယာယီစခန်း စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှုရှိပါက ထိရောက်စွာကုသမှုပေးရေးနှင့် ဆေးနှင့်ဆေးပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံခန့်ခွဲမှုများကို ဆက်လက်အားဖြည့်ကာ အလေးပေးဆောင်ရွက်ကြစေလိုပါကြောင်း။

ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်နှင့် အရေးပေါ်အခြေအနေများတွင် အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်၍ သဏ္ဌာန်တူလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ထားရှိစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကိုမှာကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို တင်ပြဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသားများကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသားများအား ဈေးကားများဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။



## ရောင်းချပေး

ထိုသို့ လှည့်လည်ရောင်းချရာတွင် အမဲသား(အသား)ပိဿာ ၁၂၀၊ အမဲသား (အရိုးအသား) ပိဿာ ၁၅၀ တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် ပြည်သူများသို့ မေ ၁၃ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆရာတော်၊ သံဃာတော်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(Oravacs) ကာကွယ်ဆေးတိုက်ကျွေး

မြစ်သား မေ ၁၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ဟန့်တားကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်ကာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(Oravacs) ကာကွယ်ဆေးကို မင်းကုန်းဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ယမန်နေ့မွန်းလွဲပိုင်းက တိုက်ကျွေးခဲ့ကြောင်း သိရသည်။

(ဝါဝါမြင့်-မြစ်သား)

၀-၀-၀-၀-၀

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ

# သောက်သုံးရေ လိုအပ်သောနေရာများကို ရေသယ်ယာဉ်များဖြင့် ရေလှူဒါန်း

ညောင်ဦး မေ ၁၃

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု၊ ဇီးပင်ကြီးတဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မေ ၁၀ ရက် နံနက်ပိုင်းက ရေသယ်ယာဉ် နှစ်စီးဖြင့် သွားရောက်ပြီး သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ဝေမျှခြင်းပရဟိတအဖွဲ့က အေးမေတ္တာ ပရဟိတရေလှူအဖွဲ့(တောင်ဇင်း)နှင့် ပူးပေါင်းပြီး ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စု၊ ဇီးပင်ကြီးတဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀ အား သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေလိုအပ်နေသော ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာစာသင်ကျောင်းများနှင့် ကျေးရွာ၊ တဲတိုက်များကို ရပ်ဝေးရပ်နီးမှ သောက်သုံးရေကုသိုလ်ရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ် ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။ (၄၄၅)

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်

ပုသိမ် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟင်္သာတမြို့ ပြည်လုံးချမ်းသာခန်းမ၌ ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ သားငယ် သမီးငယ်များနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းနှင့် နေရပ်စွန့်ခွာပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဒေသလုံခြုံရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ဆန်ရိက္ခာများ ပေးအပ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအား လူဦးရေစာရင်း ကောက်ယူခြင်းနှင့် ထောက်ပံ့ငွေပေးအပ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အားကစားခန်းမ၌ ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ရန်ကုန်မြို့ ယူနက်စကိုရုံးအကြီးအကဲ Mr.Ichiro Miyazawa အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ရန်ကုန်မြို့ရှိ ယူနက်စကိုရုံး အကြီးအကဲ Mr.Ichiro Miyazawa အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မန္တလေးငလျင်ကြောင့် ရှေးဟောင်းအဆောက်အအုံများနှင့် တန်ခိုးကြီးစေတီပုထိုးများ ထိခိုက်ပျက်စီးမှု၊ ရှေးဟောင်းအဆောက်အအုံများ၏ ပျက်စီးမှုအလိုက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မည့် ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ထားသော ရှေးဟောင်းအဆောက်အအုံ ၁၇၅၂ ခုကို ပထမဦးစားပေး ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကြီးမားသော ရှေးဟောင်းအဆောက်အအုံများ၊ ဒုတိယဦးစားပေး တစ်ပိုင်းတစ်စပျက်စီး၍ မူလလက်ရာ ကျန်ရှိမှုနည်းသော အဆောက်အအုံများ၊ တတိယဦးစားပေး အောက်ခြေပန္နက်မှလွဲ၍ ကျန်အစိတ်အပိုင်းများသည် အသစ်နီးပါး ပြန်လည်ပြုပြင်ထားသော အဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်ပြီး ရှေးဟောင်းအဆောက်အအုံများနှင့် အမွေအနှစ်များ ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ငလျင်အသင်းတို့၏ အကြံပြုချက်များရယူပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ရေရှည်တည်တံ့အောင် နည်းစနစ်မှန်ကန်စွာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ယူနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ငွေကြေးဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေး

နေပြည်တော် မေ ၁၃

ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ် ဒုတိယနေ့ကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ပြသရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် ဒေသခံပြည်သူ အများအပြား လာရောက်လေ့လာဝယ်ယူလျက်ရှိသည်။




ယနေ့တွင် ဘိလပ်မြေထုတ်လုပ်သူများအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း အရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ အရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းစင်တာ၊ သံထည်နှင့် စတီးများ အရောင်းပြခန်း၊ ပရိဘောဂ အရောင်းပြခန်း၊ အိမ်သုတ်ဆေး အရောင်းပြခန်း၊ လုပ်ငန်းသုံးမီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် လာရောက် လေ့လာဝယ်ယူသူများပြားလျက်ရှိသည်။

အဆိုပါ အရောင်းပွဲတော်သို့ လာရောက်လေ့လာဝယ်ယူသည့် ပုဗ္ဗသီရိမြို့နယ်မှ ဦးအာကာဒိုးက "ဘိလပ်မြေ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ တန်းစီပြီးတော့ ဝယ်ယူရတာ ဖြစ်ပါတယ်။ အခုလို အခက်အခဲဖြစ်နေတဲ့ အချိန်မှာ ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေးပြည့်မီတဲ့ သံ၊ သံမဏိ၊ ဘိလပ်မြေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေ လာရောက်ရောင်းချပေးတဲ့ အသင်းအဖွဲ့တွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ ကျွန်တော့်အိမ်ကို ပြန်လည်ပြုပြင် တည်ဆောက်ဖို့ လိုအပ်တဲ့ဘိလပ်မြေ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ဘိလပ်မြေလာရောက်ဝယ်ယူသူတွေအနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်၊ အပျက်အစီး မှတ်တမ်းဓာတ်ပုံ၊ အိမ်ထောင်စုဇယား မိတ္တူ၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်တို့ လိုအပ်ပါတယ်။ အရောင်းတာဝန်ရှိသူတွေကလည်း ဝယ်ယူရာမှာ လိုအပ်တဲ့ အချက်အလက်တွေကို ပြည့်စုံစွာ ရှင်းလင်း ပြောကြားပေးပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှ ဒေါ်ဌေးဌေးလွင်က "အခုလို ငလျင်ဘေးသင့် ပြည်သူတွေအတွက်စီစဉ်ပေးတဲ့ဈေးရောင်းပွဲတော်ကို မိတ်ဆွေသူငယ်ချင်းတွေကတစ်ဆင့် ကြားသိရတဲ့အတွက် လိုအပ်တဲ့ ဘိလပ်မြေနဲ့ အိမ်ဆောက်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းတွေကို လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ပစ္စည်းမှန်ပြီး ဈေးနှုန်းလည်း မှန်ပါတယ်" ဟု ပြောကြားသည်။

ယနေ့တွင် ရောင်းချခြင်း အစီအစဉ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)က ကြီးမှူး၍ MSIA - TALK SHOW ကို ထည့်သွင်းကျင်းပရာ ဆရာကြီး ဦးကြည်သာက "နည်းပညာရပ်ဖွံ့ဖြိုးမှုနှင့်အတူ တိုးပွားလာသော ရာဇဝတ်မှုခင်းများ အကြောင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ငလျင်ဘေးသင့် ပြည်သူများ ထူထောင်ရေး လုပ်ငန်းများ မိုးမကျမီ ဆောလျင်စွာ ပြန်လည်တည်ဆောက်နိုင်ရန် ဈေးနှုန်းမှန်ကန်စွာဖြင့် အရည်အသွေး ပြည့်မီစွာဝယ်ယူနိုင်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေ ထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ရောင်းချခြင်းအစီအစဉ်ကို မေ ၁၈ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်း- မင်းကျော်စွာ
ဓာတ်ပုံ- ဖိုးပြည့်စုံ

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၁၃

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပစေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

ယခုအခါ မေ ၅ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ဗင်နီဇွဲလား ဘိုလီဗာရီယန် သမ္မတနိုင်ငံတို့မှ ထပ်မံ ပေးပို့လှူဒါန်းလာသော တာပေါ်လင်/မိုးကာစ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ရေသန့်စက်၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားပေါ်မူတည်၍ ဖြန့်ခွဲပေးပို့ပြီးဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဒီဇယ်ဆီတန် ၃၀၀၀၀၊ ဓာတ်ဆီတန် ၂၀၀၀၀ အနက် ဒီဇယ်ဆီတန် ၁၈၀၀၀ သည် မေ ၂ ရက်တွင်လည်းကောင်း၊ ဓာတ်ဆီတန် ၁၇၀၀၀ သည်မေ ၅ ရက်တွင်လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျသိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

ယာယီရုံးအဖြစ် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် Prefabricated Office အလုံး ၅၀၀ အနက် ၃၄၀ သည် မေ ၂ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ၂၁၆ လုံးကို နေပြည်တော်သို့ မေ ၆ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသို့ အလုံး ၈၀ နှင့် နေပြည်တော်သို့ ၄၄ လုံးတို့ကို မေ ၁၂ ရက်တွင် လည်းကောင်း မြန်မာ့မီးရထားဖြင့် သယ်ဆောင်ခဲ့ပြီးဖြစ်၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုနိုင်ရန် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ☆



ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



ဘရာဇီးနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်း၊ လက်ခံမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဓာတ်ဆီ ၁၇၀၀၀ တန် လွှဲပြောင်း၊ လက်ခံမှုမှတ်တမ်းဓာတ်ပုံ။

# မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်မည့် ငွေကြေးအင်အားများနှင့် စနစ်များ

ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)

မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူလူထုသည် ယခု မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ နှစ်အကူး ၂၀၂၅ ဧပြီလ မဟာသင်္ကြန်ကို ဝမ်းနည်းစွာဖြင့်ပင် ကျော်ဖြတ်ခဲ့ကြရပါပြီ။ အသက်ပေါင်း ထောင်နှင့်ပင်ချီ၍ ပြည်သူလူထုနှင့် တိုင်းပြည်၏ ပစ္စည်းများ တန်ဖိုးကျပ်သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရသောနှစ် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့ခေတ်ကဲ့သို့ Richter Scale, Mercalli Scale အစရှိသည်ဖြင့် စနစ်များ စတင်အသုံးပြုသော ၂၀ ရာစုနှစ်နောက်တွင် ယခု မိမိတို့ခံစားခဲ့ရသော မန္တလေးမြေငလျင်ကြီးကြောင့် လူအသေအပျောက်နှင့် အိုးအိမ်ပစ္စည်းဆုံးရှုံးမှုသည် အများဆုံးဖြစ်သည်။ အိုးအိမ်နှင့် ပစ္စည်းတန်ဖိုးများကို တွက်ချက်နှိုင်းယှဉ်ရန် ခက်ခဲသော်လည်း ယခု ငလျင်တွင် လူ့အသက်ပေါင်း ၃၇၀၀ ကျော်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၅၁၀၀ ကျော်ရှိခဲ့သည်။

မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ဆရာမကြီး ဒေါ်လှလှအောင်ရေးသားသော စာပေအရ ၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်တွင် လူအသေအပျောက် ၅၅၀ ခန့် သေဆုံးခဲ့သည်နှင့် နှိုင်းယှဉ်နိုင်ပါသည်။ အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ဗိသုကာတစ်ဦးအနေဖြင့် သေချာစွာပြောနိုင်သည်မှာ ယခု မိမိတို့ပြန်လည်တည်ဆောက်ကြရမည့် လုပ်ငန်းရပ်သည် အလွန်ကြီးမားပြီး ငွေကြေးများစွာနှင့် နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပါမည်။ ယခုနှစ် မတ်လမြေငလျင်၏ Epicenter ဗဟိုသည် စစ်ကိုင်းမြို့အနီးဖြစ်သဖြင့် သေကျေပျက်စီးမှု အများဆုံးဖြစ်သည်ဆိုသည်ကို လက်ခံကြရမည်ဖြစ်သည်။ သို့သော် တစ်မြို့တည်း တစ်လမ်းတည်းတွင် အချို့အဆောက်အအုံများ ပြိုကျပျက်စီးကြပြီး အချို့မှာ မပျက်မစီးတည်မြဲခဲ့ကြသည်မှာ အချို့သောဆောက်လုပ်သူများ၏ အားနည်းချက်ဖြစ်သည်မှာလည်း ထင်ရှားပါသည်။

ဤဆောင်းပါးသည်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ယခုရရှိခဲ့သော သင်ခန်းစာများကိုအခြေခံ၍ လက်ခံကျင့်သုံးသင့်သောစနစ်များကို တင်ပြရန်ဖြစ်ပါသည်။ ထို့ပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်မည့် Financial Resources ခေါ် ငွေကြေးအင်အားများ ဖော်ထုတ်ရရှိနိုင်မည့် နည်းလမ်းများကိုလည်း တင်ပြအပ်ပါသည်။ ထိုသည်များနှင့် တွဲဖက်၍ ပြန်လည်တည်ဆောက်ကြသည့်အခါ မိမိတို့၏ မြို့များနှင့် ပတ်ဝန်းကျင်သာယာရေး၊ မိမိတို့၏ မြို့များတွင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များကိုလည်း ပူးတွဲတင်ပြအပ်ပါသည်။



မန္တလေးမြို့တွင် ငလျင်ဒဏ်သင့်သော်လည်း မပျက်မစီး တည်မြဲသောအဆောက်အအုံများနှင့် ပြိုလဲပျက်စီးသောအဆောက်အအုံများကို တွေ့ရစဉ်။

**ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ရရှိနိုင်မည့် Available Financial Resources ငွေကြေးအင်အားများကို သုံးသပ်ခြင်း**

ယခု ငလျင်သည် မြန်မာ့သမိုင်းတွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သည့်အတွက် မိမိတို့တွင်ရှိသော Resources အင်အားများမှ တတ်နိုင်သရွေ့ အများဆုံးနှင့် ကူညီနိုင်သောသူအများဆုံးကို ကူညီကြရမည်ဟု ခံယူပါသည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ငွေကြေးဖြင့် ပါဝင်နိုင်မည့် အုပ်စုများကို သုံးသပ်ကြည့်မိပါသည်။ ထိုသည်တို့တွင် (၁) နိုင်ငံတော်အစိုးရ၊ (၂) ချမ်းသာကြွယ်ဝသော Condominium ပိုင်ရှင်သူဌေးကြီးများအုပ်စု၊ (၃) ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်မြေတွင်နေထိုင်ရင်း အိုးအိမ်ဆုံးရှုံးသွားသူများဟု သုံးအုပ်စုကိုသာ ဦးစွာမြင်ကြရပေမည်။ ထိုသုံးအုပ်စုတို့၏ လုပ်နိုင်သောပမာဏများကို ဆန်းစစ်ကြည့်ကြပါမည်။

**နိုင်ငံတော်အစိုးရ ။** ။ နိုင်ငံတော်အစိုးရသည် ငွေအင်အားအကြီးမားဆုံးရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ သို့သော် အစိုးရတွင် ဆုံးရှုံးပျက်စီးသွားသော အစိုးရရုံးများ၊ ဝန်ထမ်းအိမ်ရာများ အစရှိသည်တို့ကို ပြန်လည်တည်ဆောက်ရန်ရှိသည်။ ထို့ပြင် အများပြည်သူနှင့်သက်ဆိုင်သော Infrastructure ခေါ် ကျောင်းများ၊ ဆေးရုံများ၊ လမ်းတံတားများ၊ လျှပ်စစ်စနစ်များ စသည်တို့ကိုလည်း ပြန်လည်တည်ဆောက်ရန်ရှိသဖြင့် လူပေါင်းများစွာတို့၏ ဆုံးရှုံးခဲ့သော အိမ်ရာများကို ပြန်လည်တည်ဆောက်ရေးတွင် အမြောက်အမြားပါဝင်ရန် ခက်ခဲပါမည်။

**ငွေကြေးအဆင်ပြေသော Condominium ပိုင်ရှင်များ။** ။ မြေငလျင်အတွင်း ပြိုပျက်သွားသော Condominiums ခေါ် အဆင့်မြင့်တိုက်ခန်းများကို တည်ဆောက်သွားသောပိုင်ရှင်ကြီးများက Ethics ဟုခေါ်သော လူ့ကျင့်ဝတ်၊ လူ့ဝတ္တရားအရသော် အချိန်အတိုင်းအတာအတွင်း မြန်ဆန်စွာ ပြန်လည်တည်ဆောက်ပေးသင့်ကြပါသည်။ ဥပဒေကြောင်းအရ ရှင်းကြမည်ဆိုသော် ရှေ့နေခ ငွေကြေးများစွာ ကုန်မည်၊ အချိန်နှစ်ပေါင်းများစွာ ကြာမြင့်ကြမည်ဟု စာရေးသူ အတွေ့အကြုံအရ ခန့်မှန်းပါသည်။ မူလ စာချုပ်တွင် မည်သို့ပါရှိပုံ၊ အာမခံထားခြင်းရှိ၊ မရှိ၊ “မြန်မာပြည်စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ Condominium Law” အရ တရားဝင် သတ်မှတ်ထားခြင်းရှိ၊ မရှိ စသည်ဖြင့် များစွာသော အဆင့်များရှိပါမည်။

ဖြစ်သင့်သည်မှာ တည်ဆောက်ခဲ့သူ ပိုင်ရှင်ကြီးများက လူ့ဂုဏ်သိက္ခာကို မနိမ့်ကျစေရန်နှင့် အသက်နှင့်ပစ္စည်း နစ်နာဆုံးရှုံးခဲ့ရသောသူများကို ငဲ့ညှာသင့်သည်။ သို့သော် ယခုငလျင်ကြောင့် အဆင့်မြင့်တိုက်ခန်းကြီးများတွင် နေထိုင်ရင်း အသက်နှင့် ပစ္စည်းများ ဆုံးရှုံးခဲ့သူဦးရေသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရာခိုင်နှုန်းနည်းပါးသည်ဟု ခန့်မှန်းရပါသည်။

**ကိုယ်ပိုင်အိမ် ကိုယ်ပိုင်မြေတွင်နေထိုင်ရင်း အိုးအိမ်ဆုံးရှုံးသွားသူများ ။** ။ ထိုအုပ်စုတွင် ပါဝင်သည့်သူများတွင် (က) ပြန်လည်တည်ဆောက်ရန် အရင်းအနှီးရှိပြီး တတ်နိုင်သူများ၊ (ခ) တစ်စိတ်တစ်ပိုင်း အကူအညီရနိုင်လျှင် ပြန်လည်တည်ဆောက်နိုင်သူများနှင့် (ဂ) အိမ်ပျက်စီးသွားသဖြင့် မြေသာကျန်ခဲ့ပြီး ပြန်လည်တည်ဆောက်ရန် မဖြစ်နိုင်သူများဟု သုံးအုပ်စုရှိမည်ဟု ခန့်မှန်းရပါသည်။ ထိုအုပ်စုအတွင်း မည်သည့်အုပ်စုသည် မည်သည့် ရာခိုင်နှုန်းရှိသည်ကိုလည်း ခန့်မှန်းရန်ခက်ခဲပါသည်။ သို့သော် အောက်တွင် စာရေးသူစဉ်းစားမိသော ဘဏ်ချေးငွေစနစ်ကို အသုံးချနိုင်လျှင် အဘက်ဘက်က အထိုက်အလျောက်အဆင်ပြေကြမည်ဟုယူဆပါသည်။

**ဘဏ်ချေးငွေဖြင့် ပြန်လည်တည်ထောင်ရေးတွင် အသုံးချရန်အဆိုပြုချက် ။** ။ စာရေးသူသည် အိမ်ဆုံးရှုံးခဲ့သော သူတစ်ဦးနှင့် မေးမြန်းခန်းကို ကြည့်ရပါသည်။ ထိုသူတွင် ယခင်က ကိုယ်ပိုင်အိမ်ရှိသည်၊ နေထိုင်စားသောက်ရန် ဝင်ငွေရှိသည်၊ ယခု အိမ်ပျက်စီးသွားသည့်အတွက် နေထိုင်ရန် အိမ်ကို ပြန်လည်တည်ဆောက်ရန် ငွေသိန်း ၅၀၀ ခန့်ရရှိရန် မဖြစ်နိုင်ပါဟုဆိုသည်။ စာရေးသူက သင်ကြားခဲ့ဖူးသော Housing Economics အိမ်ရာစီးပွားရေး ပညာရှုထောင့်မှ သုံးသပ်ကြည့်ပါသည်။ ထိုကဲ့သို့သောသူများက ဥပမာ ပြန်လည်တည်ဆောက်ရန် အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနိုင်မည်ဆိုလျှင် ဘဏ်မှ ကျန်လိုအပ်ငွေ ၇၀ ရာခိုင်နှုန်းကို ချေးငွေအဖြစ်ရရှိပြီး ထိုသူက လစဉ်၊ နှစ်စဉ် ပြန်လည်ပေးဆပ်လျှင် နှစ်ဦးနှစ်ဖက် အထိုက်အလျောက် အဆင်ပြေသွားနိုင်ပါမည်။ စာမျက်နှာ ၉ သို့ ☆




မြေပေ ၄၀ x ၆၀ ပိုင်ဆိုင်သူခြောက်ဦး စုပေါင်းလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ပေါ်တွင် တိုက်ခန်းပေါင်း ၁၂ ခန်း ပေါ်ထွက်လာနိုင်သည့် ပုံစံငယ်။

* ✳ **ပြန်လည်တည်ဆောက်ရန် အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနိုင်မည်ဆိုလျှင် ဘဏ်မှ ကျန်လိုအပ်ငွေ ၇၀ ရာခိုင်နှုန်းကို ချေးငွေအဖြစ်ရရှိပြီး ထိုသူက လစဉ်၊ နှစ်စဉ် ပြန်လည်ပေးဆပ်လျှင် နှစ်ဦးနှစ်ဖက် အထိုက်အလျောက် အဆင်ပြေသွားနိုင်**
* ✳ **Hypothetical Model ကိုပင် အခြေခံ၍ အိုးအိမ်ဆုံးရှုံးသွားပြီး မြေပိုင်ဆိုင်သူများအတွက် အရင်းငွေပင်မလိုဘဲ နေစရာများရရှိနိုင်ကာ အမြတ်အစွန်းပင်ရရှိနိုင်သောနည်းများကို အခြေခံထားပြီး တီထွင်နိုင်ပါသည်။ ဥပမာ မြေပေ ၄၀ x ၆၀ ခန့်ရှိသူ ခြောက်ဦးခန့်စုလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ကိုရနိုင်ပြီး ထိုမြေပေါ်တွင် နှစ်ထပ်ဖြင့် စတုရန်းပေ ၇၀၀ ခန့်ရှိသော အိပ်ခန်းနှစ်ခန်းပါ တိုက်ခန်းပေါင်း ၁၂ ခန်းခန့် ပေါ်ပေါက်နိုင်ပါမည်**

☆ စာမျက်နှာ ၈ မှ

ထိုကဲ့သို့သော အခြေအနေနမူနာ Hypothetical Model တစ်ရပ်ကို အစမ်းတွက်ကြည့်ကြပါမည်။ Basic assumptions အခြေခံအချက်များသည်- မိသားစုတစ်စုတွင် (၁) မြေရှိသည်။ (၂) စုဆောင်းပြီး ငွေသိန်း ၁၅၀ ခန့်ရှိသည်။ (၃) အလုပ်အကိုင်ကောင်း ရှိကြသဖြင့် လစဉ်မိသားစုဝင်ငွေကျပ် ခြောက်သိန်းခန့် ရှိသည်။ (၄) ပြန်လည်ဆောက်လုပ်မည့် အိမ်တန်ဖိုးသည် ကျပ်သိန်း ၅၀၀ ဖြစ်သောကြောင့် ကျပ်သိန်း ၃၅၀ ချေးငွေလိုအပ်သည်။ ဤကိစ္စကို ဘဏ်နှင့် သက်ဆိုင်ရာတို့က လေ့လာစစ်ဆေးပြီး နှစ်စဉ်အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ပြန်လည်ပေးဆပ်ချိန် ၁၀ နှစ်နှင့် သဘောတူသည်။ ချေးမည့်သူများပိုင်သော မြေကို အာမခံပစ္စည်း Collateral ဟု သတ်မှတ်သဘောတူကြသည်။ ဘဏ်မှတာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းအရ တွက်ချက်ရာ ချေးငွေသိန်း ၃၅၀ အတွက် ထိုမိသားစုသည် လစဉ်ငွေကျပ် ၃ ဒသမ ၆၄ သိန်းခန့်နှင့် ၁၀ နှစ်တိုင်တိုင်အကြိမ်ပေါင်း ၁၂၀ ခန့် ပေးဆပ်ရမည်။

အထက်ပါနမူနာ Hypothetical Model တွင် လစဉ်ပြန်လည်ပေးဆပ်ရန် တွက်ချက်ခြင်းသည် ဘဏ်ပညာရှင်များ သုံးလေ့ရှိသောနည်း P = Ai / (1 - (1 + i)^-N) where: P = regular periodic payment. A = amount borrowed. i = periodic interest rate ပင်ဖြစ်ပါသည်။ နှစ်စဉ်အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ပြန်လည်ပေးဆပ်ရန်အတွက် အချိန် ၁၀ နှစ်သည် စာရေးသူစိတ်ကူးအရ ထည့်တွက်ထားခြင်းဖြစ်သည်။ ပြန်လည်ပေးဆပ်ရန် အချိန်နှင့်ပတ်သက်၍ စာရေးသူသိသော အခြားတိုင်းပြည်များတွင် နှစ်ပေါင်း ၂၀-၃၀ အထိပင် ပေးလေ့ရှိပါသည်။

မြန်မာနိုင်ငံမှ ဘဏ်များက ထိုမျှကာလရှည် ပေးလေ့မရှိသော်လည်း ယခုကဲ့သို့ ငလျင်ဘေးသင့်သူများကို ကယ်ဆယ်ကူညီသည့်အနေဖြင့် ပြန်လည်သုံးသပ်သင့်ပါသည်။ ယခုနမူနာတွင်ပင် ပြန်လည်ပေးဆပ်ရသောအချိန်ကို ၁၅ နှစ်၊ နှစ်စဉ်အတိုးနှုန်း ၁၂ ရာခိုင်နှုန်းနှင့် တွက်ပါမူ ချေးသူမိသားစုသည် လစဉ်ငွေကျပ် ၂ ဒသမ ၉ (၃ သိန်းခန့်) နှင့် ၁၅ နှစ်တိုင် အကြိမ်ပေါင်း ၁၈၀ ပေးဆပ်ရပါမည်။ Hypothetical Model ကိုပင် အခြေခံ၍ အိုးအိမ်ဆုံးရှုံးသွားပြီး မြေပိုင်ဆိုင်သူများအတွက် အရင်းငွေပင်မလိုဘဲ နေစရာများရရှိနိုင်ပြီး အမြတ်အစွန်းပင်ရရှိနိုင်သောနည်းများကို အထက်ပါနမူနာကို အခြေခံထားပြီး တီထွင်နိုင်ပါသည်။ ဥပမာ မြေပေ ၄၀ x ၆၀ ခန့်ရှိသူ ခြောက်ဦးခန့်စုလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ကိုရနိုင်ပြီး ထိုမြေပေါ်တွင် နှစ်ထပ်ဖြင့် စတုရန်းပေ ၇၀၀ ခန့်ရှိသော အိပ်ခန်းနှစ်ခန်းပါ တိုက်ခန်းပေါင်း ၁၂ ခန်းခန့် ပေါ်ပေါက်နိုင်ပါမည်။

အထက်တွင်တင်ပြသည့် Hypothetical Model ကို အတိုချုပ်တင်ပြရသော် **"ဘဏ်ချေးငွေဖြင့် ပြန်လည်တည်ထောင်ရေး"** ပင် ဖြစ်ပါသည်။ ဤနည်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်မြို့တွင် "ရွှေလင်ပန်းအိမ်ရာစီမံကိန်း"၊ "ကျွန်စစ်မင်းအိမ်ရာစီမံကိန်း"၊ "အောင်မြင့်မိုရ်အိမ်ရာစီမံကိန်း" စသည်တို့နှင့် မန္တလေး ချမ်းမြသာစည်မြို့နယ်တွင် "မြရည်နန္ဒာအိမ်ရာစီမံကိန်း" စသည့် အိမ်ရာစီမံကိန်း ခုနစ်ခုခန့်နှင့် မိသားစု ၁၀၀၀၀ ခန့်အတွက် အိမ်ရာများ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်ဟု သိရပါသည်။ အထက်တွင် နမူနာအနေဖြင့် တင်ပြခဲ့သော ငွေကြေးရယူနိုင်သောစနစ်နှင့် အိုးအိမ်ဦးစီးဌာန၏ စီမံကိန်းတို့ အဓိကကွာခြားချက်မှာ အိုးအိမ်ဦးစီးဌာန၏ စီမံကိန်းများက တည်ဆောက်ရန် မြေကို အစိုးရက လျှော့ဈေးဖြင့် တွက်ခဲ့သည်။ ယခု ငလျင်ဘေးသင့်သူများ ပြန်လည်တည်ထောင်ရေးတွင် မြေရှိသူများသာပါဝင်ရန် ဖြစ်သဖြင့် ဘဏ်များအတွက် မြေကို အာမခံပစ္စည်း Collateral ရှိပြီး ဖြစ်သဖြင့် ပိုမို၍ပင် အဆင်ပြေပေမည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ စီမံကိန်း ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများနှင့်ပင် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ဌာနမှ ကျွမ်းကျင်သူများက ကြီးကြပ်ခဲ့သဖြင့် ယခုငလျင်တွင် တည်မြဲခဲ့သည်။

**နောက်နောင် ငလျင်နှင့်အခြားသော ဘေးအန္တရာယ်များအတွက် ကျင့်သုံးရန်စနစ်များ**

စာရေးသူ သင်္ကြန်မတိုင်မီက ရေးခဲ့သော ဆောင်းပါးတွင် ယခု မန္တလေး၊ စစ်ကိုင်းနှင့် မြန်မာပြည်အလယ်ပိုင်းငလျင်တွင် အဆောက်အအုံပေါင်းများစွာ ပြိုပျက်ခဲ့ခြင်း၏ အဓိအကြောင်းမှာ အထူးကျွမ်းကျင်ပညာရှင်များ Specialists များနှင့် ပူးပေါင်းမဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်ကို ဖော်ပြခဲ့ပါသည်။ ထိုသည်နှင့်ဆက်စပ်၍ အဆောက်အအုံတစ်ခု ပေါ်ပေါက်ရေးတွင် လုပ်ငန်းအဆင့်ဆင့်ကို ရန်ကုန်မြို့တွင် ကျင့်သုံးပုံလုပ်ထုံးလုပ်နည်းများကို လေ့လာကြည့်ပါသည်။ ထိုသည်တို့တွင် (၁) Design state ပုံစံထုတ်တွက်ချက်သောအဆင့် (၂) ဆောက်လုပ်ခွင့်ရရှိရန် လျှောက်ထားသောအဆင့် Building permit submission (၃) ဆောက်လုပ်ခြင်းနှင့် ကြီးကြပ်ခြင်း Construction and supervision state (၄) ဆောက်လုပ်ပြီး လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ် Building Completion Certificate တို့ရရှိရန်ဟု အဆင့် လေးဆင့်ရှိသည်ကို တွေ့ရပါသည်။

Building Permit (BP) ဆောက်လုပ်ခွင့်ပါမစ်တင်သည့်အခါ Floor Plans ကြမ်းခင်းပုံစံများ၊ Sections ဖြတ်ပိုင်းပုံစံများ၊ အသေးစိတ် Steel list သံစာရင်းများအစရှိသည်တို့ကိုပူးတွဲတင်ပြကြရသည်။ လူအများနှင့် သက်ဆိုင်သော အဆောက်အအုံများနှင့် လေးထပ်အထက် အဆောက်အအုံများအတွက် လိုင်စင်ရ Structural Engineer၊ ခိုင်ခံ့မှုကိုတွက်ချက်သော ပညာရှင်၏ လက်မှတ်နှင့် Structural calculations တွက်ချက်ခြင်းများလည်း ပါဝင်ရသည်။

ထိုတွက်ချက်မှုများတွင် Stability Checking ဟူသော ခေါင်းစဉ်အောက်တွင် Overturning Checking ယိုင်လဲနိုင်မှုနှင့် Settlement Checking မြေအောက်ကျွံဝင်နိုင်မှု အစရှိသောပျက်စီးနိုင်မှုများကို စစ်ဆေးသောအချက်တို့ကို ထိုကျွမ်းကျင်ပညာရှင်က တွက်ချက်တင်ပြရပါသည်။ ထို့ပြင် ၁၂ ထပ်ထက်ပိုသော အဆောက်အအုံများကို အထပ်မြင့်ဟုသတ်မှတ်၍ Committee for Quality Control of High-Rise Building ဟုခေါ်သော "အထပ်မြင့်ကော်မတီ" သို့လည်း ထပ်ဆင့်တင်ရသေးသည်။ ထို CQHB တွင် မိမိတို့နိုင်ငံအဆင့် ပညာရှင်ကြီးများ ပါဝင်ကြသည်။ ထိုကဲ့သို့ အဆောက်အအုံတစ်ခုပေါ်ပေါက်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရန်ကုန်မြို့တွင် ကျင့်သုံးသည့်နည်းတူ မန္တလေးမြို့တော် စည်ပင်သာယာကလည်း ကျင့်သုံးပေလိမ့်မည်။

အထက်တွင်ဖော်ပြသော အဆောက်အအုံတစ်ခု ပေါ်ပေါက်ရေး လုပ်ငန်းအဆင့်ဆင့်များသည် ပညာပိုင်းဆိုင်ရာရှုထောင့်မှကြည့်သော် ရန်ကုန်နှင့် မန္တလေးမြို့တွင် ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးနှင့် လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ်ရရှိရေးလုပ်ငန်းများသည် ပြည့်စုံသည်ဟု သုံးသပ်နိုင်ပါသည်။ ထိုမြို့ကြီးများ၏ လုပ်ထုံးလုပ်နည်းများကို အခြားမြို့များကလည်း လုပ်ဆောင်ရန် ဖွဲ့စည်းပုံများ တိုးချဲ့ခြင်းနှင့် တတ်ကျွမ်းသော ပညာရှင်များကို အသုံးချရန်သာ လိုအပ်ပေမည်။ ဤတွင် ရန်ကုန်မြို့တွင် ငလျင်မလှုပ်ပါဘဲနှင့်ပင် ပြိုကျပျက်စီးသော အဆောက်အအုံများ ရှိခဲ့ပါသည်။ မမှန်မကန် တည်ဆောက်မှုဖြင့် ပြတင်းပေါက်မရှိ၊ အမှိုက်ပစ်ရန် နေရာမရှိသော၊ ကျန်းမာရေးနှင့် မကိုက်ညီသော အဆောက်အအုံများ မည်သို့ကြောင့် ပေါ်ပေါက်ခဲ့ပါသနည်း။ မန္တလေးမြို့တွင်လည်း ယခုငလျင်တွင် တစ်မြို့တည်း တစ်လမ်းတည်းတွင်ပင် အချို့အဆောက်အအုံများ ပြိုကျပျက်စီးကြပြီး အချို့မှာ မပျက်မစီး တည်မြဲခဲ့ကြပါသနည်းဆိုသော မေးခွန်းပေါ်ပေါက်လာပါသည်။

ဤမေးခွန်းအတွက် အဖြေသည်တစ်ခုတည်း မဟုတ်နိုင်ဘဲ အချက်များရှိပါမည်။ ဖြစ်ခဲ့သည်များမှ တစ်ချက်မှာ ဆောက်လုပ်သူ ကန်ထရိုက်များက BP ဆောက်လုပ်ခွင့်ပါမစ်တင်သည့်ပုံများက တစ်မျိုး၊ လက်တွေ့ဆောက်သည့်အခါ ဆောက်လုပ်ရေးပစ္စည်းများ လျှော့ခြင်းလည်းဖြစ်နိုင်သည်။ ယခုငလျင်တွင် ပြိုပျက်ခဲ့သော အဆောက်အအုံတို့တွင် တွန်းအား၊ ထမ်းအားများကို သယ်ပိုးရသော အစိတ်အပိုင်းများ Structural members များ လွန်စွာသေးနေခြင်းကို တွေ့ရသောကြောင့် ထိုအဆောက်အအုံသည် တတ်ကျွမ်းသော လိုင်စင်ရ Structural engineer က တွက်ချက်ခဲ့ခြင်း မဖြစ်နိုင်ပါ။ အခြားအကြောင်းတစ်ချက်သည် BP ရရှိရန် တင်စဉ်က တွက်ချက်လက်မှတ်ထိုးခဲ့သော Specialists ပညာရှင်ကြီးများကို ဆောက်လုပ်သည့်အခါ လုပ်ငန်းအပ်သူသူဌေးကြီးများက ဆက်လက်အသုံးမပြုတော့ဘဲ ကိုယ်တိုင်ဝင်ကြီးကြပ်ကြသည်လည်း ကိုယ်တိုင်တွေ့ကြုံဖူးပါသည်။ ဤဆောင်းပါးဘောင်အတွင်း ပြီးခဲ့သော ဖြစ်ရပ်များကို ရှာဖွေရန် မရည်ရွယ်ဘဲ မိမိတို့ နောက်နောင် ဆောက်လုပ်ကြသည့်အခါ ယခုရရှိခဲ့သော သင်ခန်းစာများကို အခြေခံ၍ နောင်ထိုကဲ့သို့ မြေငလျင်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုမရှိစေရန် သို့မဟုတ် များစွာ လျှော့နည်းစေသောစနစ်များ လက်ခံကျင့်သုံးသင့်ကြသည်များကို ဆွေးနွေးရန်ဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးကြခြင်းသည် တိုင်းပြည်အတွက် အကျိုးရှိသည်မှာ ထင်ရှားပါသည်။ ဟိုတယ်ကြီးများမှ မိမိတို့တိုင်းပြည်အတွက် နိုင်ငံခြားငွေရရှိကြသည်။ တိုက်ခန်းများမှ အချို့သူများ နေထိုင်စရာရရှိကြသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်သော အဖွဲ့အစည်းများကို အုပ်စုလိုက်ခွဲခြားကြည့်လျှင် (၁) ဟိုတယ်ကြီးများ၊ ကွန်ဒိုတိုက်ကြီးများ ပေါ်ပေါက်လို၍ အရင်းအနှီးစိုက်ထုတ်သူများ၊ (၂) ထိုရင်းနှီးမြှုပ်နှံသူ သူဌေးကြီးများ ကောင်းမွန်ခိုင်ခံ့သော အဆောက်အအုံကြီးများရရှိရေးတွင် ပါဝင်ကူညီပေးမည့် ဗိသုကာများနှင့်အထူးကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ ၊ (၃) ကောင်းမွန်ခိုင်ခံ့သော အဆောက်အအုံကြီးများကို အာမခံတည်ဆောက်ပေးသည့် Construction Companies ဆောက်လုပ်ရေး ကုမ္ပဏီများဟု အုပ်စု သုံးစုရှိကြသည်။

စာမျက်နှာ ၁၀ သို့ ☆



မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်၏ မြင်ကွင်းကျယ်ကို ဖုံးမြင်ရပုံနှင့် နောက်ဆောက်လုပ်သော အထပ်မြင့်အဆောက်အအုံကြောင့် စေတီတော်မြင်ကွင်း ဖုံးကွယ်သွားပုံ။

**"Real Estate Developer ဟု ခေါ်ဆိုသင့်သော ရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျွမ်းကျင်သည့် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်ကြီးများနှင့် ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies တို့သည် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြလျှင် နောက်နောင် ဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့် ပစ္စည်းများ ဆုံးရှုံးခြင်းများ များစွာလျှော့နည်းပေမည်။**

**မိမိတို့၏ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု အစရှိသော အထွေထွေပြဿနာများ လျှော့နည်းစေရန် Zoning plans များ ထားရှိကြရန်လိုအပ်"**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆင်ပေါင်ဝဲမြို့နယ် ညံတောအင်းဆိုလာလျှပ်စစ် မြစ်ရေတင်စီမံကိန်း စိုက်ပျိုးရေပေးဝေဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ



**ဆင်ပေါင်ဝဲ မေ ၁၃**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်အတူ မေ ၉ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဆောင်ရွက်လျက်ရှိသော ညံတောအင်းကျေးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေ ပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက စီမံကိန်းလုပ်ငန်းများ လည်ပတ်နေမှုအခြေအနေများနှင့် တောင်သူများအား စိုက်ပျိုးရေဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ညံတောအင်းဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးထားသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများအား စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးအသိပညာပေးမှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားကာ ဒေသခံတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညံတောအင်းဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အဆိုပါစီမံကိန်းမှ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိမိတို့ဒေသအတွင်း သီးနှံများ စိုက်ပျိုးရာတွင် တစ်နှစ်ကို သီးနှံသုံးသီး စိုက်ပျိုးနိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံစိုက်ပျိုးရာတွင် ဒေသတွင်းလိုအပ်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်သုံးစွဲပြီး စိုက်ပျိုးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ဆေးခြင်ထောင်များ အခမဲ့ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ်၊ ညံတောအင်းကျေးရွာရှိ မြစ်ရေတင် စီမံကိန်းဖြင့် စိုက်ပျိုးထားသည့် ကွင်းအမှတ်(၃၈၄)ရှိ တောင်သူ ဦးဝင်းညွန့်၏ လယ်ယာမြေဧက ၀ ဒသမ ၇၈ ဧကသို့ ရောက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက အဆိုပါ နွေစပါး ပန်းတိုင်အထွက်နှုန်းထွက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## ဒေသနေပြည်သူများ ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းလောင်းပွဲတော်

**နတ်မောက် မေ ၁၃**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် ဆုတောင်းပြည့်ဘုရားကြီး၌ မေ ၁၁ ရက် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းလှူခြင်း ကို ညနေ ၅ နာရီက အဆိုပါ စေတီတော်ရင်ပြင်ရှိ ဗောဓိပင်၌ မြို့ပေါ်ရှိ ဒေသခံပြည်သူများ ပူဇော်သွန်းလောင်းကြသည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ပူဇော်ထိုက်သည့် ဖြစ်စဉ်လေးရပ်ဖြစ်သော အလောင်းတော်သုမေဓာသည် ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတ ဗျာဒိတ်ခံယူသောနေ့၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့တို့ စုဆုံနေသည့်နေ့ဖြစ်ရာ မြတ်ဗုဒ္ဓနှင့်သက်ဆိုင်သည့် ထူးကဲသောနေ့ဖြစ်သည့်အတွက် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ပူဇော်ကြခြင်းဖြစ်သည်။ နှစ်စဉ် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာကို ရည်မှန်းလျက် ဖွားဖက်တော် မဟာဗောဓိညောင်ပင်ကို အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းပူဇော်ကြပြီး ဘုရား၊ကျောင်းကန်၊စေတီ၊ပုထိုးများတွင်လည်း ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ တရားအားထုတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၆၅)**

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

☆ စာမျက်နှာ ၉ မှ

ထို Interest groups ရည်ရွယ်ချက်နှင့် လုပ်ငန်းရပ် သုံးအုပ်စုတို့အပြင် ပြည်သူလူထုဘေးအန္တရာယ်ကင်းရေး၊ လူများ ကျန်းမာရေးအတွက် သင့်လျော်သော၊ သာယာသော လူ့ပတ်ဝန်းကျင်ပေါ်ပေါက်ရေးကို ဦးတည်ရသော နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသော စည်ပင်သာယာရေးကော်မတီများရှိသည်။ အထက်တွင် ဖော်ပြခဲ့သော Interest groups ရည်ရွယ်ချက်နှင့် လုပ်ငန်းရပ် သုံးအုပ်စုတို့တွင် ဒုတိယအုပ်စုဝင် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်များသည် ရင်းနှီးမြှုပ်နှံသူများကို အထောက်အကူပြုကူညီသူများသာဖြစ်သည်။

အထက်ပါ အုပ်စု သုံးစုတို့ ပူးပေါင်းဆောင်ရွက်ပုံကို စာရေးသူက သကြံန်မတိုင်မီရေးသော ဆောင်းပါးတွင် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ပုံကို ဖော်ပြခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူ သူဌေးကြီးများက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပင်ပန်းစွာဝင်၍ သံမည်မျှထည့်၊ ကွန်ကရစ်အချိုး မည်သို့စပ်၊ တိုင်၏အလျား၊ အနံသည် မည်မျှဖြင့်ဆောက် အစရှိသည်များကို ညွှန်ကြားကြပါလျှင် ထိုသူတို့သည် ထိုပညာတွင် ကျွမ်းကျင်သူများမဟုတ်သဖြင့် ယခုလက်တွေ့ကြုံခဲ့သကဲ့သို့ လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းပေါင်းများစွာ ဆုံးရှုံးနိုင်ပါသည်။

အကောင်းဆုံး၊ အသင့်လျော်ဆုံးသောနည်းမှာ Tripartite သုံးပွင့်ဆိုင်စနစ် ပေါ်ပေါက်ပြီး ရင်းနှီးမြှုပ်နှံသူများကို "ကန်ထရိုက်" သို့မဟုတ် "ဆောက်လုပ်ရေးလုပ်ငန်းရှင်" ဟူသော အခေါ်များအစား "ရင်းနှီးမြှုပ်နှံသူ" Investor သို့မဟုတ် Real Estate Developer ဟု ခေါ်ဆိုသင့်ပြီး လက်တွေ့ဆောက်လုပ်ရသူများကိုသာဆောက်လုပ်ရေးကုမ္ပဏီ Construction Companies ဟု ခေါ်ဆိုသင့်ပါသည်။ အရေးကြီးသောအချက်သည် ရင်းနှီးမြှုပ်နှံသူ Real Estate Developer များ၏ လုပ်ငန်းနှင့် ဆောက်လုပ်ရေးကုမ္ပဏီတို့ ခွဲခြားကြရပါမည်။ မြန်မာပြည်တွင် သီးသန့်ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies များရှိပါသည်။ ထိုကဲ့သို့ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြပါက အဆောက်အအုံများပျက်စီးလျှင် ဆောက်လုပ်ရေးကုမ္ပဏီများ၏ တာဝန်သာဖြစ်ရမည်။ ဆောက်လုပ်ရေးကုမ္ပဏီများက ကျွမ်းကျင်အင်ဂျင်နီယာများထားရှိခြင်း၊ နှစ်ပေါင်း ၂၀ - ၃၀ အာမခံထားရှိခြင်း စသောစနစ်များနှင့် လုပ်ကိုင်သင့်ကြပါသည်။

**Planning Permit and Zoning Regulations ကြိုတင်ဆောက်လုပ်ခွင့်နှင့် မြို့တွင်းဇုန်များအတွက် စည်းမျဉ်းများလိုအပ်ချက်**

အထက်တွင် ဆောက်လုပ်ခွင့်ရရှိရေး လိုအပ်ချက်များကို တင်ပြခဲ့ပါသည်။ ယခုအပိုဒ်တွင် မိမိတို့နိုင်ငံရှိ မြို့များတွင် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးနှင့် အခြားသော မြို့ပြဖွံ့ဖြိုးရေးတွင် လိုအပ်ချက်များကို တင်ပြအပ်ပါသည်။ ရန်ကုန်၊ မန္တလေးနှင့် အခြား မိမိတို့မြန်မာ့မြို့များမှာ မိမိတို့၏ ယဉ်ကျေးမှုအဆင့်၊ မိမိတို့လူ့ဘောင်၏ ကြန်အင်လက္ခဏာများကို ဖော်ပြလျက်ရှိသည်။ ယခုကဲ့သို့ ပြန်လည်တည်ဆောက်ကြသည့် အခါတွင်လည်းကောင်း၊အဆောက်အအုံသစ်များ ဆောက်လုပ်သည့်အခါတွင်လည်းကောင်း အထပ်မြင့်အဆောက်အအုံများသည် မိမိတို့၏ အထွတ်အထိပ်ဖြစ်သည့် ဘုရားစေတီပုထိုးများကို လွှမ်းခြင်းမရှိသင့်ပါ။ သမ္မတကြီး ဦးသိန်းစိန်အစိုးရ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်လက်ထက်တွင် မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်ဝန်းကျင် အဆောက်အအုံများကို စေတီတော်ရင်ပြင်ထက်ပို၍ မမြင့်ရန် စည်းကမ်းကို လက်ခံကျင့်သုံးခဲ့ကြသည်။ မန္တလေးမြို့တွင်လည်း သမ္မတကြီး ဦးသိန်းစိန်အစိုးရ၊ ဝန်ကြီးချုပ် ဦးရဲမြင့်လက်ထက်တွင် နန်းမြို့ရိုးပတ်လည်နှင့် မန္တလေးတောင်မြင်ကွင်းကို ကွယ်စေသည့် ၆၆ လမ်းတစ်လျှောက်တွင် အဆောက်အအုံ အမြင့်သတ်မှတ်ချက် စည်းကမ်းများထားရှိခဲ့သည်။

မြန်မာမြို့များ ကြန်အင်လက္ခဏာ ထိန်းသိမ်းရေးအပြင် လမ်းဆုံလမ်းခွများတွင်ကပ်၍ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်လျှင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ထိုနေရာများတွင် ယာဉ်ရပ်နားရန် နေရာမရှိခြင်း စသည်တို့ကြောင့် မြို့များတွင် Zoning plans များ ထားရှိကြပါသည်။ Zoning plans များတွင် မြို့တွင်းဇုန်တို့အလိုက် Building heights ဆောက်ခွင့်ရှိသောအမြင့်၊ Floor area densities ကြမ်းခင်းဧရိယာသိပ်သည်းမှု၊ Set-back distance လမ်းမှ နောက်ဆုတ်ရန် အကွာအဝေး အစရှိသည်တို့ကို သတ်မှတ်ပါသည်။ ထိုအချက်နှင့် တွဲဖက်၍ အထက်တွင် ဆွေးနွေးခဲ့သော B.P. ဆောက်လုပ်ခွင့်ပါမစ်မတင်မီ Planning Permit ဟုခေါ်သော "အကြိုဆောက်လုပ်ခွင့်" ကိုတင်သော စည်းကမ်းထားကြသည်။ ထို P.P. "အကြိုဆောက်လုပ်ခွင့်" တွင် အထက်၌ ဆွေးနွေးခဲ့သော အသေးစိတ်ပုံများ၊ Structural calculations စသည်တို့မပါသေးဘဲ ဗိသုကာပုံစံများသာ လိုအပ်သည်။ ထိုသို့ Planning Permit ခေါ် "အကြိုဆောက်လုပ်ခွင့်" ထားရှိခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတို့သည် ဗိသုကာများ၏အကူအညီနှင့် ဆောက်လုပ်မည့်အဆောက်အအုံ၏ အတိုင်းအတာ၊ အမြင့်၊ ရရှိနိုင်မည့် အခန်းပေါင်း စသည်တို့ကို ကြိုတင်တွက်ချက်နိုင်ပါသည်။

**အကျဉ်းချုံးအဆိုပြုချက်များ**

ဤဆောင်းပါးမှ အချက်အားလုံးတို့ကို ခြုံ၍ တင်ပြရပါလျှင် (၁) ယခု မတ်လတွင် ကြုံခဲ့ရသော အသက်နှင့်အိမ်ရာများ ဆုံးရှုံးသူများ ပြန်လည်တည်ဆောက်ရေးတွင် ဘဏ်ချေးငွေစနစ်ဖြင့်လည်း ပါဝင်ကူညီသင့်ပါကြောင်း တင်ပြအပ်ပါသည်။ (၂) Real Estate Developer ဟု ခေါ်ဆိုသင့်သော ရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျွမ်းကျင်သည့် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်ကြီးများနှင့် ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies တို့သည် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြလျှင် နောက်နောင်ဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့်ပစ္စည်းများ ဆုံးရှုံးခြင်းများ များစွာလျော့နည်းပေမည်။ (၃) မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့မြို့ရွာများသည် မိမိတို့၏ ဘဝ၊ မိမိတို့၏ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ထုတ်သည်။ မိမိတို့၏ ယဉ်ကျေးမှုအရ မိမိတို့၏ဘုရားစေတီပုထိုးများအပေါ် အထပ်မြင့်အဆောက်အအုံများဖြင့် လွှမ်းမိုးခြင်း၊ စေတီပုထိုးများ၏ အမြင်လမ်းကြောင်း ပိတ်ဆို့ခြင်းများ မဖြစ်အပ်ပေ။ မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု အစရှိသောအထွေထွေပြဿနာများ လျော့နည်းစေရန် Zoning plans များ ထားရှိကြရန် လိုအပ်ပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေရပ်ကွက်နှင့် အိမ်များ၊ သာသနိကအဆောက်အအုံနေရာများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှား နေမှုများနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုများကိုလှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပါရမီရပ်ကွက်ရှိ နှစ် (၇၀၀) ပြည့် အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၂၁၃၆၅၀၀၀၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန(AHA Center)က မီးဖိုချောင်းသုံးပစ္စည်းများနှင့် တရုတ်နိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောကြားပြီး ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်း အရောင်းပြခန်း၌ ပြည်သူများ စည်းကာသိုက်မြိုက်စွာ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### လိုက်လံကြည့်ရှုစစ်ဆေး

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် မီးလောင် ပြိုကျပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆဲ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ၇၃လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ ယခင်မင်္ဂလာဈေးနေရာ၌ ငလျင်ဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနေမှု အခြေအနေများကို လည်းကောင်း၊ လာရောက်ဝယ်ယူကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်မှု ရှိ/မရှိ အခြေအနေများကို လည်းကောင်း မေးမြန်းအားပေးစကား ပြောကြားပြီး အိမ်ဆောက်ပစ္စည်းများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ သာသနိကအဆောက်အအုံနေရာများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ ဘုရားစေတီပုထိုးများတွင် ရေးမှုမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ်တွေ့ရှိရသော ဌာပနာပစ္စည်းအား စနစ်တကျ အပ်နှံထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေး အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်း လေ့ကျင့် သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည်ကျောက်ဆည်မြို့ ရွှေမုဋ္ဌောဘုရားရင်ပြင်၌ ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် ဂန္ဓကုဋီတိုက်များ၊ ငလျင်ဒဏ်ကြောင့် တိမ်းစောင်း သွားသော ကျောက်သေတ္တာစေတီ၌ မိုးရွာသွန်းမှုများကြောင့် စေတီအောက်ခြေရေဝင်ရောက်မှု မရှိစေရေး အတွက် ပလတ်စတစ်အမိုးများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရေတိုက်စားမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘုရားပရဝဏ်အတွင်း လုပ်အားပေး ဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး အသင်းအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်ခရိုင်စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေး ပစ္စည်းများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများနှင့် Modular House များ ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွာခိုင်ရပ်ကွက်ရှိ တိုက်ကျောင်း ပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဦးဝရသာမိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရေး ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘဲလင်းအကျဉ်းဦးစီးဌာန(၁)နှင့် ဘယ်လင်းအကျဉ်းဦးစီးဌာန(၂)တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ရွှေကူကြီးမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးစဉ်။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယခင်အပတ်သောကြာနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမှာစကားပြောကြားပြီး သင်တန်းမှူးက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် သင်တန်းဆရာများက ကိုယ်ရေးအကျဉ်းနှင့် သင်ကြားမည့် ဘာသာရပ်အကြောင်းအရာနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်း တင်ပြကြသည်။

အဆိုပါသင်တန်းကိုအပတ်စဉ်သောကြာနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပို့ချမည့် ဆရာများဖြစ်သည့် ဦးကိုကိုဦး (MDEA, Executive Director)၊ ဦးမောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ဦးရဲမင်းစိုး(မောင်မောက်-ဝတ်လုံ)နှင့် ဦးမြတ်စိုး(လှိုင်) တို့က စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)တည်ဆောက်ရေးစီမံကိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှု

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား စီမံကိန်းမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လိုင်စင်ရ ကျွမ်းကျင်ပညာရှင် အဆင့် ၁ နှင့် မြန်မာနိုင်ငံမှလိုင်စင်ရ PE(Structure) ပညာရှင်များက အင်အားပြင်းငလျင်ဖြစ်ပြီးနောက် အဆောက်အအုံခိုင်ခံ့မှု စစ်ဆေးခြင်း၊ ခိုင်ခံ့မှုဒီဇိုင်း ပြန်လည်တွက်ချက်ခြင်း၊ ခိုင်ခံ့မှု ဒီဇိုင်းတိုးမြှင့်အောင် ဒီဇိုင်းတွက်ချက်ခြင်း၊ ငလျင်ကြောင့် ပျက်စီးမှုများအား ပြန်လည် ပြင်ဆင်မွမ်းမံခြင်းနည်းပညာများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးအကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးအကြံပြုချက်များအပေါ် ဖြည့်စွက်ပြောကြားပြီး စီမံကိန်းအတွင်း ကြည့်ရှုခဲ့သည်။

၎င်းနောက် ကျွန်းတပင်ကျေးရွာ၊ ဝက်ဝံကျေးရွာအုပ်စုတွင် တောင်သူများ၏ ဖူးစားပြောင်း ၄၉၉ ဧက စိုက်ပျိုးရှင်သန်နေမှုကို သွားရောက်ကြည့်ရှုရာ တောင်သူ ဦးဝင်းမိုလ်က စိုက်ပျိုးရေရှိမှု၊ ဖူးစားပြောင်းရိတ်သိမ်းပြီးပါက မိုးစပါး၊ ဆောင်းဂျုံ စိုက်ပျိုးသွားမည့် အစီအစဉ်၊ တစ်နှစ်လျှင် (၃)သီး စိုက်ပျိုးထုတ်လုပ်နေမှု၊ စိုက်ပျိုးရေရရှိမှု၊ တစ်ဧက ကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝက်ဝံကျေးရွာအုပ်စု၊ မြိတ်ကြီးကျေးရွာရှိ ရွှေကောင်းကင်ကုမ္ပဏီလီမိတက်၏ ဥစားကြက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက Open Type (Battery Cage)၊ ပေ (၄၀×၄၀၀) ၈ ခြံဖြင့် ဥစားကြက်အကောင်ရေ တစ်သိန်း မွေးမြူထားရှိမှု၊ ကြက်ဥ တစ်ရက်ထွက်ရှိမှု၊ ကြက်စာအတွက် နောင်ချိုမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းဆန်ဝယ်ယူရမှု၊ လိုအပ်သည့်ကုန်ကြမ်းအား ပြည်ပမှ တင်သွင်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE Fall) အတွင်းရှိ ရေသန့်စင်အနည်စစ်ကန် တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက Be Fall အတွင်း ဝင်ရောက်လာသည့် ဂဲလောင်ချောင်းရေအား သန့်ရှင်းသောရေဖြစ်လာစေရန်အတွက် အဆင့်(၃)ဆင့်ဖြင့် သဘာဝနည်းအသုံးပြု ရေစစ်ကန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုပြီး အပန်းဖြေစခန်း လာရောက်သူများအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်ကြီးသို့ သွားရောက်ပြီး မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ အလှူငွေများလှူဒါန်းပြီး ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စေရေး၊ စေတီတော်ကြီးပရဝဏ်အတွင်းအပြင် အစဉ်အမြဲသန့်ရှင်းသပ်ရပ်စေရေး အလေးထားကာ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပြင်ဦးလွင်မြို့တွင် ယာယီသီတင်းသုံးနေတော်မူသည့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀













သတင်း စာမျက်နှာ ၁၂















## မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ လှူဒါန်း



**မန္တလေး မေ ၁၃**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းရန်အတွက် အလှူရှင် မန္တလေးမြို့နေ ဦးတင်မိုး+ဒေါ်မြနှင်းဝေ (ရူပါစိမ်းနှင့်ရွှေပြည့်လျှံ ကျောက်မျက်ကုမ္ပဏီမိသားစု)က အလှူငွေကျပ်သိန်း ၅၀၀ အား စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ယနေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးငလျင်ကြီးကြောင့် ဈေးချိုတော်တိုက်တန်းကြီး ထိခိုက်ပျက်စီးမှုနှင့် အဆင့်မြင့်ဈေးချိုတော်အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဈေးနှင့်သားသတ်ဌာန၊ အခွန်ဌာန၊ လမ်းတံတားဌာန၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတို့မှ ဌာနမှူးများနှင့် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ညနေပိုင်းက မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် အဆင့်မြင့်ဈေးချိုတော် ၈၄ လမ်းအရှေ့ဘက်ခြမ်းရှိ တိုက်တန်းကြီးများ ထိခိုက်ပျက်စီးမှုအခြေအနေကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ၈၄ လမ်း၊ ၂၆လမ်းနှင့် ၂၇ လမ်းအတွင်း အရှေ့ဘက်ခြမ်းရှိ ဈေးချိုတော်တိုက်တန်းကြီးများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အန္တရာယ်ရှိ အဆောက်အအုံများဖြစ်၍ ရှင်းလင်းဖြိုဖျက်နိုင်ရန်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် အဆင့်မြင့်ဈေးချိုတော် နှင်းဆီ(B)ရုံ မြေညီထပ်တွင် ဈေးသူ၊ ဈေးသားများ ပုံမှန်အတိုင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချနေမှုအခြေအနေများနှင့် အဆောက်အအုံ၏ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဈေးအကျိုးတော်ဆောင်အဖွဲ့က အပေါ်ထပ်မှ ရေယိုစိမ့်မှုဖြစ်ပေါ်နေခြင်းအား ပြုပြင်ပေးရန် တင်ပြမှုအပေါ် သက်ဆိုင်ရာ မြို့တော်စည်ပင် အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးအား ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် အောင်မြေသာစံမြို့နယ် ၈၉ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ သီရိမန္တလာ အဝေးပြေးခရီးသည်တင်ယာဉ် ရပ်နားစခန်း(ကားကြီးကွင်း)သို့ ရောက်ရှိလာရာ အခွန်ဌာန ဌာနမှူးက ယာဉ်ရပ်နားစခန်း ပင်မအဆောက်အအုံအတွင်း ငလျင်ဒဏ်ကြောင့် အတွင်းပင်မတိုင် (၄)တိုင် ထိခိုက်ပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က အဆိုပါ ပြုပြင်ရန်လိုအပ်သည့် တိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရမည့် လုပ်ငန်းအစီအစဉ်ကို ဆုံးဖြတ်ပြောကြားပြီး အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရန်နှင့် အဆိုပါ အဆောက်အအုံ၏ ကျန်ရှိပင်မတိုင်များမှာ အခြေအနေအားလုံးကောင်းမွန်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ထိခိုက်ပျက်စီးခဲ့သည့် အဆိုပါ တိုင်(၄)တိုင်အား အမြန်ဆုံးပြုပြင်ရေးကိစ္စဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀





## အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး မေ ၁၃**

မင်းဘူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို



မေ ၁၀ရက် နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်နေ ပြည်သူများပူးပေါင်းကာ စာသင်ကျောင်းပရိဝုဏ်အတွင်း ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က ကြည့်ရှုအားပေးကာ ကျောင်းများမဖွင့်မီ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စာသင်ဆောင်များ သန့်သန့်ရှင်းရှင်းဖြင့် ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူ များ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရန်အတွက် သန့်ရှင်းရေးပြုလုပ်ခြင်းဖြစ်ပြီး မင်းဘူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၅၀၄)

၀-၀-၀

၀-၀-၀-၀

## Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် Day Camp စခန်းသွင်း ဆက်လက်လေ့ကျင့်သင်ကြား

**မြစ်သား မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် Grade-12 တက္ကသိုလ်ဝင် စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၁ ရက် အထိ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည်ဖြစ်ရာ မြစ်သားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ပြန်လည်ဖြေဆိုကြမည့် Day Camp စခန်းသွင်း ကျောင်းသား၊ ကျောင်းသူများကို မေ ၁၀ ရက် နံနက်ပိုင်းက သင်ကြားပို့ချပေးခဲ့သည်။



မြစ်သားမြို့နယ်အတွင်းရှိ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ ရွာခိုင်ကြီး အခြေခံပညာအထက်တန်းကျောင်း၊ ကူမဲမြို့ ဉာဏ်မီးအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ သာလွန်အခြေခံပညာအထက်တန်းကျောင်းများတွင် Day Camp စခန်းသွင်းသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို၊ ဆရာ၊ ဆရာမများ က Grade -12 တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန်နှင့် အောင်ချက်မြင့်မားရန်အတွက် မြစ်သားမြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများက ဆက်လက်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

## နိုင်ငံ့ဝန်ထမ်းများအား စားအုန်းဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ကန့်ဘလူ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ ပူးပေါင်းအဖွဲ့က နိုင်ငံ့ဝန်ထမ်းများအား စားအုန်းဆီများ အလွယ်တကူဝယ်ယူနိုင်ရေးနှင့် ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းကို ယမန်နေ့က ကန့်ဘလူခရိုင်စုပေါင်းရုံး၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် နိုင်ငံ့ဝန်ထမ်းတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၃၉၅၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းဖြစ်ပြီး စားအုန်းဆီပိဿာ ၆၃၀ ကို စနစ်တကျ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၀)



## လျှော်ဘေးသင့်ပြည်သူများအား အလှူငွေများ လာရောက်လှူဒါန်း



ဥက္ကာရသီရိ မေ ၁၃

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သစ်ဝင်တိုင်းကျေးရွာအတွင်း မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား ယမန်နေ့ နံနက်ပိုင်းက အလှူငွေများ လာရောက်လှူဒါန်းခဲ့သည်။ (အပေါ်ပုံ)

ထိုသို့ လှူဒါန်းရာတွင် ယခင်ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်တွင် ဖွင့်လှစ်ခဲ့သည့် 1979 Machinery Repair & Maintenance၊(Regional Collage(RC-3))၊ ဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများက သစ်ဝင်တိုင်းကျေးရွာအတွင်း ထိခိုက်ပျက်စီးခဲ့သော အိမ်ထောင်စု ၅၉စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်းအလှူငွေကျပ် ငါးဆယ့်ကိုးသိန်းကို လာရောက်လှူဒါန်းခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနား ကျင်းပ

ကျိုင်းတုံ မေ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်C.T.M.Eအခမ်းအနားကို ယမန်နေ့က(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုင်းဆမ်တစ်က အမှာစကားပြောကြားပြီး (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(ကျိုင်းတုံ) ဆေးရုံအုပ် စာတမ်းရှင် ဦးမြင့်ခိုင်က အဒေးမိနာစေးရောဂါကို ဆေးနှံ့သာ တုပ်ကွေးအဖျားပျောက်ဆေးဖြင့် ကုသခြင်းအား လေ့လာခြင်းအကြောင်း စာတမ်းဖတ်ကြားပြီး တက်ရောက်လာကြသည့် ကျိုင်းတုံခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးမင်းဟန်၊ ကျိုင်းတုံမြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးမြမြဖြူ၊ ကျိုင်းတုံတိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးဆန်းလှိုင်၊ ကျိုင်းတုံ၊ တာချီလိတ်ခရိုင် တိုင်းရင်းဆေးအသင်းနှင့် ဖိတ်ကြားထားသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။



ထို့နောက် တာချီလိတ်မြို့ လင်းသုခတိုင်းရင်းဆေးကုခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ဆေးတိုက်မှ ဆရာဦးဇော်လင်းက စာတမ်းရှင်အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး ကျိုင်းတုံခရိုင် တိုင်းရင်းဆေးဆရာအသင်းမှ ဆရာကြီး ဦးကြည်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၈)ဖွင့်လှစ်

တာချီလိတ် မေ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၈) ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ဗျူဟာအခြေချ(တာချီလိတ်)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံက ယခုဖွင့်လှစ်သည့် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းတွင် တက်ရောက်မည့် သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း သင်တန်းစည်းမျဉ်း စည်းကမ်းများကို လိုက်နာ၍ မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းပညာရပ်များအား ကြိုးစားသင်ယူလေ့လာစေလိုကြောင်း ပြောကြားသည်။

အဆိုပါအဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသို့ ဒေသခံတိုင်းရင်းသူ အမျိုးသမီး ၃၀ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြများက လက်မနှင့် စင်တီမီတာစက်ချုပ်နည်း ၂၂မျိုး၊ လက်မှုပညာရပ် ၁၀မျိုး၊ မုန့်လုပ်နည်းနှင့် ဟင်းလျာချက်ပြုတ်နည်း ၁၂မျိုးကို ရက်သတ္တပတ် ၂၂ပတ်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ခဲပုံ)

မြို့နယ်(ပြန်/ဆက်)

## အခမ်းအနားမှူး သင်တန်းဖွင့်လှစ်

ရွှေဘို မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်းကို မေ ၇ရက် မွန်းလွဲ ၁နာရီမှ စတင်၍ သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက ဌာနများအလိုက် ကျင်းပမည့် အခမ်းအနားများတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းနည်းပြ ဒေါ်သီသီဝင်းက အခမ်းအနားမှူးတစ်ယောက်တွင်ရှိရမည့် အရည်အချင်းများ၊ ဝတ်စားဆင်ယင်မှု၊ မိုက်အသုံးပြုမှု၊ အသုံးအနှုန်းဝေါဟာရများကို မှန်ကန်စွာသုံးစွဲခြင်း၊ ကြိုတင်ပြင်ဆင်မှု၏ အရေးပါပုံ၊ ဂရုပြုစရာ ဆောင်ရန်၊ ရှောင်ရန်နှင့် အကြံပြုချက်များ၊ အထောက်အကူပြု လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းများကို သင်ကြားပို့ချပေးပြီး အဆိုပါသင်တန်းသို့ သင်တန်းသား ၂၃ ဦး တက်ရောက်ကြကာ မေ ၇ရက်မှ ၉ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

*-*-*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့နေ

## အလေးပြုထိုက်ပေ

* ကမ္ဘာမြေ ဖွဲ့စည်းမှုမှာ
မြေသားလွှာကြီး တည်ရှိတာ
မြေလွှာရဲ့အောက်မှာတော့
ကျောက်သားလွှာကြီးပေါ့။

* ကျောက်သားလွှာရဲ့ အောက်ဘက်မှာ
ရေပြင်ကျယ်ကြီးတည်ရှိတာ
ရေပြင်ကို လေပြင်းတိုက်တော့
ငလျင်လှုပ်တာပေါ့။

* ငလျင်လှုပ်ခြင်း ဖြစ်စဉ်ဟာ
ကြိုတင်ခန့်မှန်း မရပါ
မြေအောက်အနက်တိမ်ရင်တော့
အပြိုအပျက်များပြီပေါ့။

* ငလျင်လှုပ်တော့ အဆောက်အအုံတွေ
ပြိုကျပျက်စီးခဲ့ရပေ
အသက်ပေါင်းများစွာ ဆုံးရှုံးသွား
ယူကျုံးမရတဲ့ ဝမ်းနည်းခြင်းများ။

* ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ
နေ့၊ ည မနားဆောင်ရွက်နေ
အင်တိုက်အားတိုက် လုပ်ဆောင်မှု
လှူတကာက အလေးပြု။

* တပ်မတော်နဲ့ ပြည်သူတွေ
မီးသတ်နဲ့ ရဲတပ်ဖွဲ့တွေ
ပြည်ပကယ်ဆယ်ရေးအဖွဲ့များ
စည်ပင်ဝန်ထမ်းများလည်း ပါဝင်ထား။ ။

သန်းနိုင်စိုး(စိုက်/မွေး)



# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၄-၂၀၂၅ ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်အား ကွင်းလယ်ဒိုင်အဖြစ် ဇီးလစ်ဇ်ဗာယာ ကိုင်တွယ်မည်



**လန်ဒန် မေ ၁၃**

မန်ချက်စတာယူနိုက်တက် အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်အား ဒိုင်အဖြစ် ဂျာမန် ဒိုင်လူကြီး ဇီလစ်ဇ်ဗာယာက ကိုင်တွယ်သွားမည်ဖြစ်သည်။

အဆိုပါ ဒိုင်လူကြီးသည် ဥရောပ၏ အကောင်းဆုံး ဒိုင်လူကြီးများထဲတွင် တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် အပတ်က ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်ကိုလည်း ကိုင်တွယ်ခဲ့သည်။

ကွင်းလယ်ဒိုင် ဇီးလစ်ဇ်ဗာယာသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်အပါအဝင် ပြိုင်ပွဲစုံ ၃၇ပွဲအထိ ကိုင်တွယ်ထားသည်။

၂၀၂၄-၂၀၂၅ ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်တွင် All-English Final အဖြစ် လာမည့် မေ ၂၂ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၃၀တွင် မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## နည်းပြ အန်ဆယ်လော့တီအား နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ် အတည်ပြု ကြေညာ



**လန်ဒန် မေ ၁၃**

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ အန်ဆယ်လော့တီအား ဘရာဇီးလက်ရွေးစင်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘရာဇီးလက်ရွေးစင်အသင်းအား လာမည့် မေ ၂၆ရက်တွင် စတင်ကိုင်တွယ်သွားမည်ဖြစ်သည်။

နည်းပြ အန်ဆယ်လော့တီသည် လက်ရှိအချိန် ရီးရဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်နေပြီး စပိန်လာလီဂါပြိုင်ပွဲမှာ လာမည့် မေ ၂၅ရက်တွင် နောက်ဆုံးပွဲစဉ်ယှဉ်ပြိုင်ကစားမည်ဖြစ်သောကြောင့် နောက်တစ်နေ့မှာပင် ဘရာဇီးလက်ရွေးစင်အသင်းအား ပြောင်းလဲကိုင်တွယ်သွားမည် ဖြစ်သည်။

ဘရာဇီးဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် "နည်းပြ အန်ဆယ်လော့တီအား နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပါပြီ။ သူဟာ နည်းပြကောင်းတစ်ယောက်ပါ။ အသင်းကို ကြီးကျယ်ခမ်းနားတဲ့ စာမျက်နှာသစ်တွေ ရေးထိုးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ပြင်သစ်လိဂ်၏ အကောင်းဆုံး ကစားသမားဆုကို ဒမ်ဘီလီဆွတ်ခူး

**ပါရီ မေ ၁၃**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပြင်သစ်လိဂ်၏ အကောင်းဆုံး ကစားသမားဆုကို ပီအက်စ်ဂျီ အသင်းတိုက်စစ်မှူး ဒမ်ဘီလီက ထိုက်ထိုက်တန်တန် ဆွတ်ခူး ရရှိခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းအား ပြင်သစ် လီဂူးချန်ပီယံဆုနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်သည့်အတွက် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၆ ပွဲ ကစားပြီး ၃၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဒမ်ဘီလီက "ကျွန်တော် အခုလို ပြင်သစ်လိဂ်အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Coco Gauff တက်ရောက်



**တူရင် မေ ၁၃**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်သို့ အမေရိကန် တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂရိတ်ဗြိတိန် တင်းနစ်မယ် Emma Raducanu အား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Internazionali BNL d'Italia တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ရုရှားတင်းနစ်မယ် Mirra Andreeva တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**



## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဆွစ်ဇာလန်လိဂ် အမှတ်ပေးချန်ပီယံဆုအား ဘေဆယ်အသင်း ဆွတ်ခူး

**လန်ဒန် မေ ၁၃**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဆွစ်ဇာလန်လိဂ် အမှတ်ပေး ချန်ပီယံဆုအား ဘေဆယ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘေဆယ်အသင်းသည် ဆွစ်ဇာလန်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၃၅ပွဲကစားအပြီးတွင် ရမှတ် ၆၇ မှတ်ဖြင့် အဆင့်(၂)နေရာမှ Servette အသင်းအား ၁၁ မှတ်အထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် ၃ပွဲအလိုမှာပင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘေဆယ်အသင်းထုတ်ပြန်ချက်တွင် "ဆွစ်ဇာလန်လိဂ်အမှတ်ပေး ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ) (NGB)**

## ရာဖင်ဟာအား ၂၀၂၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ မေ ၁၃**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် အသင်းတောင်ပံကစားသမား ရာဖင်ဟာအား ၂၀၂၈ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၁ပွဲကစားပြီး ၅၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ရာဖင်ဟာအား ၂၀၂၈ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(ယာပုံ)**

**(NGB)**



*-*-*-*-*-*-*

## နီကိုရီဆာဗားနားအား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း စီစဉ်

**မန်ချက်စတာ မေ ၁၃**

မန်ချက်စတာစီးတီးအသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား နီကိုရီဆာဗားနားအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ဂျူဗင်တပ်အသင်းကလည်း နီကိုရီဆာဗားနားအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာစီး တီးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဂျူဗင်တပ် အသင်းထံမှ နီကိုရီဆာဗားနားအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၅-၂၀၂၅ ည ၁၁း၃၀ နာရီ | (၁၇)အလာဗက်စ် - ဗလင်စီယာ(၁၀) | အလာဗက်စ် ၁-၀ ဗလင်စီယာ | အလာဗက်စ်(အိမ်) | ၁၇ | ၅ | ၅ | ၇ | ၁၂ | ၁၆ |
| | (ဗလင်စီယာ ၂-၂ အလာဗက်စ်) | ဗလင်စီယာ ၀-၁ အလာဗက်စ် | ဗလင်စီယာ(ဧည့်) | ၁၇ | ၂ | ၈ | ၇ | ၁၇ | ၃၂ |
| ။ | (၅)ဗီလာရီးရဲလ် - လီဂါနက်စ်(၁၈) | ဗီလာရီးရဲလ် ၁-၂ လီဂါနက်စ် | ဗီလာရီးရဲလ်(အိမ်) | ၁၇ | ၇ | ၇ | ၃ | ၃၆ | ၂၅ |
| | (လီဂါနက်စ် ၂-၅ ဗီလာရီးရဲလ်) | လီဂါနက်စ် ၀-၃ ဗီလာရီးရဲလ် | လီဂါနက်စ်(ဧည့်) | ၁၇ | ၁ | ၉ | ၇ | ၁၅ | ၂၆ |
| ၁၅-၅-၂၀၂၅ နံနက်၀၂း၀၀နာရီ | (၂)ရီးရဲလ်မက်ဒရစ် - မာယော့ကာ(၉) | ရီးရဲလ်မက်ဒရစ် ၁-၀ မာယော့ကာ | ရီးရဲလ်မက်ဒရစ်(အိမ်) | ၁၇ | ၁၄ | ၁ | ၂ | ၄၁ | ၁၈ |
| | (မာယော့ကာ ၁-၁ ရီးရဲလ်မက်ဒရစ်) | မာယော့ကာ ၀-၁ ရီးရဲလ်မက်ဒရစ် | မာယော့ကာ(ဧည့်) | ၁၇ | ၆ | ၂ | ၉ | ၁၄ | ၂၁ |

### ကိုပါအီတာလီယာဖလား(ဗိုလ်လုပွဲ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | ယခုနှစ် စီးရီးအေ တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၁၅-၅-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၁း၃၀ နာရီ | အေစီမီလန် - ဘိုလော့ညာ (စီးရီးအေ-၈) (စီးရီးအေ-၇) | အေစီမီလန် ၃-၁ ဘိုလော့ညာ<br>ဘိုလော့ညာ ၂-၁ အေစီမီလန် |

## ဆေးဝါးဈေးနှုန်းများကို လျှော့ချရန် ရည်ရွယ်သည့်အမိန့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် မေ ၁၃**



အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် ဆေးဝါးများ၏ မြင့်မားသောဈေးနှုန်းများကို လျှော့ချရန် ရည်ရွယ်သည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း ၎င်း၏အသေးစိတ်အချက်အလက်များနှင့် ရေရှည်အကျိုးသက်ရောက်မှုများမှာ မရှင်းလင်းသေးကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အခြားနိုင်ငံများရှိ လူနာများသည် အမေရိကန်နိုင်ငံသားများထက် ဆေးဝါးများအတွက် ပိုမိုလျှော့နည်းသော ငွေများသာပေးချေရကြောင်း ကိန်းဂဏန်းများကိုကိုးကား၍ ထရမ့်က ဆေးဝါးကုမ္ပဏီများအား အမေရိကန်နိုင်ငံအတွင်း၌ ၎င်းတို့၏ဆေးဈေးနှုန်းများကို လျှော့ချရန် အမိန့်ပေးမည်ဟု ထရမ့်ပြောကြားခဲ့သည်။

ထိုအမိန့်သည် အမေရိကန်သမိုင်းတွင် 'အရေးပါဆုံးသော' အမိန့်များထဲမှ တစ်ခုဖြစ်သည်ဟု ၎င်းကပြောကြားခဲ့ပြီး ဆေးဝါးဈေးနှုန်းများ '၃၀ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်းအထိ လျင်မြန်စွာကျဆင်းလာမည်' ဟု ဆိုသည်။

သို့သော် ကျွမ်းကျင်သူများသည် ထိုကြေညာချက်များကို အလွန်သံသယရှိကြပြီး စတော့ဈေးကွက်လှုပ်ရှားမှုများက ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ချက်ချင်းသက်ရောက်မှုနည်းမည်ဟု ထင်မြင်ယူဆနေကြသည်။

အခြားဖွံ့ဖြိုးပြီး နိုင်ငံများစွာတွင် ဗဟိုချုပ်ကိုင်မှုစနစ်များကြောင့် အစိုးရအရာရှိများသည် ဆေးဝါးများအတွက် စုပေါင်းဈေးနှုန်းများကို ညှိနှိုင်းခွင့်ရပြီး အချို့အခြေအနေများတွင် ဈေးနှုန်းများလွန်းသည်ဟုထင်ပါက ဝယ်ယူရန် ငြင်းဆန်နိုင်ကြောင်း သိရသည်။

Mon




## ဖိလစ်ပိုင်သမ္မတ ဟာဒီနန်မားကို့စ်ဂျူနီယာ၏ မဟာမိတ်များ ဆီးနိတ်အမတ်နေရာအနည်းဆုံး ထက်ဝက်အနိုင်ရနိုင်ဖွယ်ရှိ

**မနီလာ မေ ၁၃**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ မဟာမိတ်များသည် မေ ၁၂ရက်က ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရရှိနိုင်သော ဆီးနိတ်အမတ်နေရာ အနည်းဆုံးတစ်ဝက်ကို အနိုင်ရနိုင်ဖွယ်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါရွေးကောက်ပွဲကို ၎င်း၏ ခေါင်းဆောင်မှုနှင့် ကင်းကွာနေသော ဒုတိယသမ္မတအကြား ပြင်းထန်သော ကိုယ်စားပြုတိုက်ပွဲတစ်ခုအဖြစ် မြင်တွေ့ရသည်။

ယမန်နေ့က မြို့တော်ဝန်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဥပဒေပြုသူများအပါအဝင် ရာထူး ၁၈၀၀၀ အတွက် ယှဉ်ပြိုင်ခဲ့သော်လည်း မဲဆန္ဒရှင်အများစုမှာမူ ဆီးနိတ်ရွေးကောက်ပွဲအပေါ်တွင် အာရုံစူးစိုက်နေကြသည်။

မားကို့စ်နှင့် လူကြိုက်များသော ဒုတိယသမ္မတ ဆာရာဒူတာတေးတို့အကြား ပြင်းထန်သော ပြိုင်ဆိုင်မှုသည် လူဦးရေ ၁၁၀ သန်းရှိသည့် နိုင်ငံ၏ အာဏာအချိုးအစားကို ပြန်လည်ပုံဖော်နိုင်သည့် ရွေးကောက်ပွဲတစ်ခုလည်းဖြစ်သည်။

မကြာမီက အာဏာရှင်ဟောင်း ရိုဒရီဂိုဒူတာတေ၏ သမီးဖြစ်သူ ဆာရာဒူတာတေနှင့် မားကို့စ်၏ တစ်ချိန်က ပူးပေါင်းကာ အင်အားကြီးမားခဲ့သော်လည်း နောက်ပိုင်းတွင် မဟာမိတ်အဖွဲ့ပြိုကွဲသွားသည်။

လက်ရှိ ကြားဖြတ်ရွေးကောက်ပွဲတွင် မားကို့စ်ကို ထောက်ခံသူ ၁၂ ဦးအနက် ၆ ဦးသည် အများဆုံးမဲရရှိသူများထဲတွင်ပါဝင်နေကြောင်း သိရသည်။

Mon

0-0-0-0-0

STOP AIDS

## စင်ကာပူနိုင်ငံရှိ ရွှေရောင်းဝယ်ရေးလုပ်ငန်းများတွင် ရွှေဒင်္ဂါးများနှင့် ရွှေချောင်းများ၏ ရောင်းအားမြင့်တက်



**စင်ကာပူ မေ ၁၃**

စင်ကာပူနိုင်ငံရှိ ရွှေရောင်းဝယ်ရေး လုပ်ငန်းများတွင် ရွှေဒင်္ဂါးများနှင့် ရွှေချောင်းများ၏ ရောင်းအား ယခုနှစ်ပထမ ၄ လအတွင်း သိသိသာသာ မြင့်တက်လာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပထမ ၃ လအတွင်း စင်ကာပူနိုင်ငံသားများသည် ၂ ဒသမ ၅ တန်ခန့်ရှိသော ရွှေချောင်းများကို ဝယ်ယူခဲ့ပြီး ယခုနှစ်အတွင်း ၃၅ ရာခိုင်နှုန်းအထိ ဝယ်ယူမှုရှိခဲ့ကာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးသို့ရောက်လာခဲ့သည်။

ရွှေဈေးနှုန်းသည် လွန်ခဲ့သောမတ်လက အမေရိကန်ဒေါ်လာ ၃၀၀၀ (စင်ကာပူဒေါ်လာ ၃၉၀၀) ကျော်ပြီး ၂ လအတွင်း အမေရိကန်ဒေါ်လာ ၃၅၀၀ အထိ မြင့်တက်လာသော်လည်း ဝယ်ယူသူများ လျော့ကျမသွားဘဲ ရောင်းအား ဆက်လက်ကောင်းမွန်နေဆဲဖြစ်သည်။

စီးပွားရေးအန္တရာယ်များကို ကာကွယ်ရန် ရည်ရွယ်၍ ရွှေကို အရှိန်အဟုန်ဖြင့် ဝယ်ယူနေကြခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုများ တိုးလာခြင်းက ရင်းနှီးမြှုပ်နှံသူများအား ဘေးကင်းလုံခြုံသော အရင်းအနှီးဆီသို့ ဦးတည်စေသည်ဟု လေ့လာသူများက သုံးသပ်ကြောင်း သိရသည်။

Mon

0-0-0-0-0



တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်၊ ဟာဗင်းမြို့ရှိ ဟာဗင်း နည်းပညာတက္ကသိုလ်တွင် တနင်္ဂနွေနေ့က ပါရဂူဘွဲ့ ကျောင်းသားများအတွက် ၁၀ ကြိမ်မြောက် အစုလိုက်ထိမ်းမြားမင်္ဂလာပွဲ ယမန်နေ့က ကျင်းပနေစဉ်။ Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အစ္စရေး-အမေရိကန်နိုင်ငံသား အက်ဒန် အလက်ဇန်းဒါး လွတ်မြောက်လာပြီး မိသားစုနှင့် ပြန်လည်ဆုံဆည်းခွင့်ရ

**ဂျေရုဆလင် မေ ၁၃**

အစ္စရေး-အမေရိကန် နိုင်ငံသား အက်ဒန် အလက်ဇန်းဒါးကို ဂါဇာကမ်းမြောင်ဒေသမှ ဟားမတ်စ်အဖွဲ့က ၁၉ လ ဖမ်းဆီးချုပ်နှောင်ထားပြီးနောက် ယမန်နေ့က လွှတ်ပေးလိုက်ရာ အစ္စရေးနိုင်ငံရှိ ၎င်း၏မိသားစုနှင့် ပြန်လည်ဆုံဆည်းခွင့်ရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၂၁ နှစ်အရွယ်က အစ္စရေးတပ်မတော်တွင် ဂါဇာနယ်စပ်တစ်လျှောက် တာဝန်ထမ်းဆောင်နေစဉ် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ဟားမတ်စ် လက်နက်ကိုင်များက ၎င်းကိုဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

၎င်းကိုလွှဲပြောင်းလက်ခံရလွယ်ကူစေရန် ဂါဇာတွင် အစ္စရေးက စစ်ဆင်ရေးများကို နာရီအနည်းငယ်ကြာ ရပ်နားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် အရှေ့အလယ်ပိုင်းဒေသသွားရောက်သည့် ခရီးမတိုင်မီ စစ်ပြေငြိမ်းရေး သဘောတူညီချက်အသစ်ရရှိရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ရည်ရွယ်ကြောင်း ဟားမတ်စ်ပြောခွင့်ရသူက ပြောကြားသည်။

အလက်ဇန်းဒါးသည် ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသော အသက်ရှင်ကျန်ရစ်သည့် နောက်ဆုံးအမေရိကန်နိုင်ငံသားဖြစ်သည်ဟုယူဆရကြောင်း သိရသည်။

၎င်းလွတ်မြောက်လာခြင်းအတွက် ဝမ်းမြောက်မိသည်ဟု သမ္မတထရမ့်က ၎င်း၏မိသားစုကို ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## အမေရိကန်နှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးအခြေအနေကောင်း စတော့ဈေးနှုန်းများနှင့် အညွှန်းကိန်းများ မြင့်တက်လာ

**ဝါရှင်တန် မေ ၁၃**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးအခြေအနေများ လုံးဝပြန်လည်ပြင်ဆင်မှုရှိလာနေပြီဟု သမ္မတထရမ့် ထုတ်ဖော်ပြောကြားပြီးနောက် မေ ၁၂ ရက်တွင် စတော့ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပဏာမညှိနှိုင်း သဘောတူညီမှုက နှစ်နိုင်ငံအကြားရှိ မြင့်မားသော အပြန်အလှန်ကုန်သွယ်ရေးဖိအားများကို အတိုင်းအတာတစ်ခုအထိ လျှော့ပါးစေခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပခဲ့သော ဆွေးနွေးပွဲများအပြီး ဇန်နဝါရီလမှစတင်၍ နှစ်ဖက်စလုံးက အပြန်အလှန်ကျင့်သုံးခဲ့သော အကောက်ခွန်များကို သိသိသာသာလျှော့ချခဲ့သည်။



အမေရိကန်က ၎င်း၏ အကောက်ခွန်များကို ၁၄၅ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ပြီး တရုတ်က အမေရိကန်ကုန်ပစ္စည်းများအပေါ် အပြန်အလှန်အကောက်ခွန်များကို ၁၂၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်သည်။

အချို့သော အကောက်ခွန်များကို လုံးဝပယ်ဖျက်ခြင်းမဟုတ်ဘဲ ယာယီရပ်ဆိုင်းထားခြင်းဖြစ်သဖြင့် နောက်ထပ်တိုးတက်မှုမရှိပါက သုံးလအတွင်း ပြန်လည်မြင့်တက်လာနိုင်ကြောင်း သမ္မတထရမ့်က သတင်းထောက်များကို ပြောကြားသည်။

အမေရိကန်ရင်းနှီးမြှုပ်နှံသူများက ယင်းကုန်သွယ်ရေးဖိအားလျှော့ကျမှုကို ကြိုဆိုခဲ့ကြပြီး ထိုသတင်းထွက်ပြီးနောက် အက်စ်အင်န်ပီ ၅၀၀ အညွှန်းကိန်း ၃ ဒသမ ၂ ရာခိုင်နှုန်းကျော်၊ ဒေါင်းဂျုံး ၂ ဒသမ ၈ ရာခိုင်နှုန်း၊ နတ်စ်ဒတ် ၄ ဒသမ ၃ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း သိရသည်။

Mon

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Katy Perry က Lisa မှတစ်ဆင့် Black Pink အဖွဲ့နှင့် ရင်းနှီးခဲ့

ဘောလိဝုဒ် အဆိုတော် Katy Perry သည် VMA တွင် လီဆာနှင့်အတူ ခုံနေရာလုပ်ထားပြီး သူ၏ ဖျော်ဖြေပွဲကြောင့် တန်းပြန်ခဲ့ရသော်လည်း လီဆာမှတစ်ဆင့် ဘလက်ပင့်ခ်အဖွဲ့ကို Follow လုပ်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Katy Perry သည် မသိသူများကို Follow လုပ်လေ့မရှိသော်လည်း ပြင်သစ်တွင် ရိုစ်နှင့်အတူ ဓာတ်ပုံတွဲရိုက်ခဲ့ကာ လီဆာနှင့် VMA တွင် ဆုံခဲ့ကြရာမှ ဘလက်ပင့်ခ်အဖွဲ့ကို Follow လုပ်ခဲ့ခြင်း ဖြစ်သည်။

ဘလက်ပင့်ခ်အဖွဲ့ မကြာမီ ဂီတအယ်လ်ဘမ် ထွက်ရှိမည့်အကြောင်း လီဆာက Variety အင်တာဗျူးတွင် အတည်ပြုပြောကြားထားရာ မကြာမီ အဖွဲ့ဝင်များအားလုံး အတူမြင်တွေ့ကြရကာ World Town လှည့်ရန်လည်း ရှိကြောင်း ပြောကြားထားသည်။ Katy Perry ကလည်း ဘလက်ပင့်ခ်ကို အားပေးရန် အသင့်ဖြစ်နေသည်။

(SKY)



## Ariana က အော်စကာပွဲတွင် လက်ခုပ်သြဘာ ရှစ်ခါ ရခဲ့



ကမ္ဘာကျော် အော်စကာဆုပေးပွဲတွင် ဖျော်ဖြေခွင့်ရသည့် အနုပညာရှင်များ ပုံမှန်စဆိုချိန်နှင့် ပြီးဆုံးချိန်တွင် တစ်ကွင်းလုံး လက်ခုပ်သြဘာတီး အားပေးကြရာမှ အာရီနာမှာ ထူးခြားစွာ လက်ခုပ်သြဘာ ရှစ်ခါရခဲ့ပြီး စံချိန်ချိုးခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖျော်ဖြေပွဲတွင် လေဒီဂါဂါ၏ The Song of Music က လက်ခုပ်သြဘာလေးခါ၊ ဝှစ်တန်နီဟူးဆန်နှင့် မာရိုင်ယာကာရေးတို့ When You Believe က ငါးခါ ရရှိထားကြကာ အာရီယာနာပွဲစဖွင့်ချိန်တစ်ခါ၊ Somewhere Over The Rainbow အမြင့်သံအော်ချိန်တစ်ခါ၊ ကာသရီနာအီရာဘိုနှင့် လူပြောင်းချိန်တစ်ခါ၊ အာရီနာ စင်ပေါ်တက်၍ Wicked ပြဇာတ်၏ Unlimited ကို ကာသရီနာအီရာဘိုနှင့်တွဲ၍ ဆိုချိန်တစ်ခါ၊ နှစ်ဦးသားအချိတ်အဆက်ညီညီနှင့် ပညာပြအသံကစားချိန်တစ်ခါ၊ သီချင်းအဆုံး တစ်ကွင်းလုံး မတ်တတ်ရပ်၍ လက်ခုပ်သြဘာထပေးခဲ့ကြရာ ရှစ်ခါတိတိ ရရှိခဲ့သည်။

နာမည်ကျော် အဆိုတော်နှင့် သြဇာကြီးသည့် ပြဇာတ်မင်းသမီးတို့ တွဲဆိုကြသည့် သမိုင်းကြီးသီချင်းသုံးပုဒ်နှင့် ဖျော်ဖြေခဲ့ရာ အော်စကာသမိုင်းတွင် စံချိန်တင်ခဲ့ခြင်း ဖြစ်သည်။ (SKY)



## တီအိတ်စ်တီအဖွဲ့ အပါအဝင် မေလတွင် ပြန်လာမည့် ကေပေါ့ပ်အဖွဲ့များစွာရှိ

မေလအတွင်း ကေပေါ့ပ်ဂီတအဖွဲ့များ ပွဲဦးထွက် ရော့ဂီတအဖွဲ့များစွာ အားမာန်ပြည့်နှင့် ဖျော်ဖြေပွဲများ ကျင်းပကြမည်ဖြစ်ရာ တီအိတ်စ်တီလည်း ပါဝင်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲစာရင်းတွင် မေ ၂ ရက်၌ တီအိတ်စ်တီ၊ အိုင်ဒယ်၊ မာရှန်းဖိုက်၊ မေ ၇ ရက်တွင် ကစ်အော့ဖ်လိုက်နှင့် ဒေးဆစ်၊ မေ ၈ ရက်တွင် ပီဝမ်းဟာမိုနီ၊ အက်လူမီ၊ မီဝို၊ ထရစ်ပယ်အက်စ်တို့ ပွဲဦးထွက်ကြမည် ဖြစ်သည်။

မေ ၁၃ ရက်တွင် ဘွိုင်နိုပ်ဒေါ၊ မေ ၁၄ ရက်တွင် ဘီဘီ၊ မေ ၁၆ ရက်တွင် ဂျင်၊ မေ ၁၉ ရက်တွင် အိုင်ဒယ်၊ ရီဇီ၊ ဘရိတ်ဟွမ်၊ မေ ၂၆ ရက်တွင် ဆဲဗင်တင်းန်နှင့် ကစ်ဗလစ်တို့ ဂီတဖျော်ဖြေပွဲများ ကျင်းပမည် ဖြစ်သည်။

(SKY)

## Wang Yi Bo ၏ I Can သီချင်းကို Jam Hsiao နှင့် သီဆိုခဲ့

၂၀၂၅ ခုနှစ် နွေဦးပွဲတော်ဂါလာဖျော်ဖြေပွဲတွင် ဝမ်ရိဘိုက အဆိုတော်၊ သရုပ်ဆောင် ဂျန်ရှောင်နှင့် တွဲ၍ I Can သီချင်းကို သီဆိုသွားရာ ပရိသတ်က စာသားအတိုင်း စီးမျောခဲ့ကြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် နှစ်ဦးသား အပေးအယူ မျှတစွာ I Can ကို သီဆိုခဲ့ကြရာ ဝမ်ရိဘို၏ ရက်ပ်စာသားက ပရိသတ်ရင်ထဲသို့ စီးဆင်းရောက်ခဲ့သည်။

ထိုင်ဝမ်ထိပ်တန်းအဆိုတော်တစ်ဦးဖြစ်ပြီး အမြင့်ဆုံး ရွှေမယ်လိုဒီဆုရှင် ဂျန်ရှောင်ကို ထိုင်ဝမ် မဒမ်တူးဆော့ပြတိုက်တွင် ဖယောင်းရုပ်တုနှင့် ဂုဏ်ပြုခဲ့ရပြီး အမြင့်ဆုံးဆု Hong Kong Film Awards နှင့် Golden Melody Awards ပူးတွဲပိုင်ရှင်ဖြစ်ကာ ဝမ်ရိဘိုနှင့်အတူ သီဆိုခဲ့ခြင်း ဖြစ်သည်။

I Can စာသားတွင် ငါ့ဘဝရဲ့ အိပ်မက်တွေ ဖြည့်ဆည်းနိုင်ပါ့မလား၊ အိပ်မက်တွေ တကယ်ဖြစ်လာနိုင်အောင် လုပ်ဆောင်နိုင်မလား၊ ငါ့ကိုယ်ငါ စစ်မှန်နိုင်ပါ့မလား၊ ငါလုပ်နိုင်တယ်၊ ငါလုပ်နိုင်တယ် စသည့် စာသားများက ရင်ထဲအထိ ရောက်ရှိခဲ့ကြသည်။ (SKY)

## Byeon Woo Seok က အကျော်ကြားဆုံး အနုပညာရှင်ဆုရ


အကြိမ်(၆၀)မြောက် ဘိတ်ဆန်းအနုပညာဆုပေးပွဲတွင် မင်းသား Byeon Woo Seok က ပေါ်ပြူလာ အကျော်ကြားဆုံး အနုပညာရှင်ဆုကို Lovely Runner နှင့် မင်းသမီး ကင်ဟေယွန်းနှင့်အတူ ရရှိခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် ရုပ်ရှင်အကောင်းဆုံးမင်းသားဆုကို Pilot နှင့် ချိုဂျောင်ဆုက ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံး မင်းသမီးဆုကို ဒိုင်လူကြီးများက အကြိတ်အနယ် ရွေးချယ်ရာတွင် Hear Me Our Summer မှ လက်ပြဘာသာ စကား၏ ထူးခြားမှုကို ကောင်းစွာသရုပ်ဆောင်နိုင်သည့် မင်းသမီး ယိုယွန်ဆိုးက ရရှိသွားသည်။



ဒရမ်မာနှင့် ရုပ်ရှင်အနုပညာအတွက် ပေးအပ်သော ဆုများတွင် ဒရမ်မာဇာတ်ကား Lovely Ru-nner နှင့် အကျော်ကြားဆုံးဆုကို Byeon Woo Seok နှင့် ကင်ဟေယွန်းတို့ ရရှိခဲ့ကြရာ ပွဲခင်းအတွင်း Byeon Woo Seok ၏ ကျော်ကြားမှုကို ထင်းခနဲ မြင်တွေ့ကြရသည်။

Byeon Woo Seok သည် နယူးဂျင်းစ်အဖွဲ့ဝင် ကင်ဟေယွန်းနှင့် ချစ်သူများဖြစ်ကြပြီး နာမည်ကြီး အနုပညာရှင် အိုင်ယူ၏ ချစ်သူဟောင်းလည်းဖြစ်ကာ ဇာတ်ကားသစ်တွင် ချစ်သူဟောင်းနှင့်အတူ ပြန်ဆုံ၍ ရိုက်ကူးမည် ဖြစ်သည်။ (SKY)



## တိရစ္ဆာန်များမှရရှိသည့် အစားအစာတွင် ပါဝင်သော ပရိုတိန်းအမျိုးအစား လူ၏အစာခြေလမ်းကြောင်းကို သိသာစွာ သက်ရောက်မှုရှိ

အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ် တက္ကသိုလ်မှ သုတေသီများ၏ လေ့လာမှုအသစ်တစ်ခုအရ ကြက်ဥအပါအဝင် တိရစ္ဆာန်များမှရရှိသည့် အစားအစာတွင် ပါဝင်သော ပရိုတိန်းအမျိုးအစားသည် လူ၏အစာခြေလမ်းကြောင်းတွင် နေထိုင်သည့် ပိုးမွှားအသိုက်အဝန်း၏ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်မှုများကို သိသာစွာ သက်ရောက်မှုရှိကြောင်း မကြာသေးမီက တွေ့ရှိခဲ့သည်။

ထိုအုပ်စုကြီးအတွင်းရှိ ပိုးမွှားများသည် ကျန်းမာရေး၏ အရေးကြီးသော အခန်းကဏ္ဍများစွာတွင် ပါဝင်ဆောင်ရွက်နေပြီး ဤလေ့လာမှု၏ တွေ့ရှိချက်များသည် ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသော လူများကို ထိခိုက်စေသည့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်ရန်နှင့် ကုသရန် ပိုမိုကောင်းမွန်သော နည်းဗျူဟာများ ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

ယနေ့မိမိတို့စားသုံးနေသော အစားအစာများတွင် တစ်ခုခုမှားယွင်းနေပြီး ၎င်းတို့အကြောင်း နီးစပ်စွာ မသိရှိသေးပါဟု ထိုလေ့လာမှုကို ဖော်ပြထားသော စာတမ်း၏ တွဲဖက်သုတေသနပညာရှင် အဲလ်ဖရေဒိုဘလာကေလေရှ်က ရှင်းလင်းပြောကြားကြောင်း သိရသည်။ (SCI)




## Samantha Ruth Prabhu တောင်ပိုင်းအနုပညာရှင် မင်းသမီးများ၌ ကြေးအမြင့်ဆုံးဖြစ်

အိန္ဒိယတောင်ပိုင်းအနုပညာလောကတွင် မင်းသမီးများအနက် ကြေးအမြင့်ဆုံးအနုပညာရှင်မှာ ဆမန်သာရုသ်ပရာဘူဖြစ်ကြောင်း ဟောလိဝုဒ်ဝက်တ်ဆိုက်တွင် ဖော်ပြသည်။

ဆမန်သာရုသ်ပရာဘူသည် အနုပညာလောကတွင် စွမ်းရည်မြင့်မား၍ ရုပ်ရှင်ဇာတ်ကားများစွာတွင် ပါဝင်ထားကာ အောင်မြင်မှုနှင့်အတူ အနုပညာကြေးအမြင့်ဆုံးဖြစ်သည်။



အချစ်ရေးကံမကောင်းခဲ့၍ အဆိပ်အတောက်ဖြစ်ခဲ့သည့် အိမ်ထောင်ရေးမှ ရုန်းထွက်ခဲ့ကာ မိမိကိုယ်ကို ပြန်လည်တည်ဆောက်ခဲ့သည့် သန်မာသော အမျိုးသမီးလည်း ဖြစ်သည်။

ဆမန်သာရုသ်ပရာဘူကို GQ India ကာဗာဖိုတိုထက်တွင် လွတ်လပ်သူတစ်ဦးအဖြစ် မြင်တွေ့ကြရ၍ ပရိသတ်များ အားပေးထားကြသည်။

ဆေ့ဖ်အလီဆန်း၊ ကရီနာကပူးတို့နှင့်အတူ အနန်ယားဆိုဟာနား၊ ရှရဒါ၊ ဆမန်သာရုသ်ပရာဘူနှင့် ချစ်သူ ရာဂျ်တို့ အိန္ဒိယဂိတ်တွင် မြင်တွေ့ကြရပြီး မွန်ဘိုင်းတွင် လူစုံမြင်တွေ့ခဲ့ကြရသည်ထိ ရင်းနှီးမှုရှိခဲ့ကြသည်။

(SKY)

# ရွှေစည်းခုံစေတီတော်ကြီး ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်းနှင့် သံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူ



**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံ စေတီတော်ကြီး ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်းနှင့် သံဃာတော် (၁၀၈) ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ယနေ့ နံနက် ၆ နာရီခွဲက ရွှေစည်းခုံစေတီတော်ကြီး ရင်ပြင်တော်ပေါ်တွင် ကျင်းပသည်။

ကဆုန်လပြည့်နေ့ နံနက် ၆ နာရီခွဲတွင် သံဃာတော် ၁၀၈ ပါးက ရွှေစည်းခုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ကြပြီး နံနက် ၇ နာရီတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘုရား(၁၈)ဆူမှ ဂေါပကအဖွဲ့များက ဆွမ်းဆန်စိမ်း၊ နဝကမ္မဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းအစုစုတို့အား ရွှေစည်းခုံဘုရားကြီး ပတ်ပတ်လည်တွင် ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**



# ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**မကွေး မေ ၁၃**

ပြည်သူများအနေဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန်၊ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံစိုက်တောင်သူများအနေဖြင့် သီးနှံများမှ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံသီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာ ဝန်ကြီးဦးအောင်ချိန်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ပြည်သူများအား မိသားစုဝင်ငွေ တိုးပွားစေရန်၊ မိမိတို့ဒေသရှိ ဒေသထွက်သီးနှံများ အသုံးပြု၍ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းနည်းပြဆရာ၊ ဆရာမများ ပို့ချသည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းများကို စနစ်တကျ လိုက်နာအသုံးပြု၍ မိမိတို့၏ မိသားစုဝင်ငွေ တိုးပွားရေးတွင် သာမကဘဲ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာသည်အထိ ကြိုးစားဆောင်ရွက်စေလိုကြောင်းပြောကြားခဲ့သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စုစုခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ကုန်ကြမ်းနှင့် လုပ်ငန်းသုံးပစ္စည်း ထောက်ပံ့ခြင်းနှင့်သင်တန်းဆင်းလက်မှတ် ပေးအပ်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံသီးနှံ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မေ ၅ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား ကိတ်မုန့်အမျိုးမျိုး၊ ပေါင်မုန့်အမျိုးမျိုး ပြုလုပ်နည်းတို့ကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ကျရောက်သော မြို့နယ် (၆)မြို့နယ်အတွင်းရှိ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် သတ်မှတ်ခံရသော အဆောက်အအုံ ပိုင်ရှင်များအနေဖြင့် မိမိတို့အဆောက်အအုံအား ပြန်လည်ပြင်ဆင်လိုသည်များနှင့် ပတ်သက်၍ PE ၊ RSE လိုင်စင်ရ အင်/ယာများ၏ ထောက်ခံချက်ပါသော ပြင်ဆင်ရမည့် Method Statement နှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် မန္တလေး (၆)မြို့နယ်အတွင်း ဆောက်လုပ်ဆဲ အဆောက်အအုံများ၏ ပင်မတိုင်များ ပျက်စီးမှု ရှိ/မရှိ ပြန်လည်စစ်ဆေးရန် လိုအပ်ပါ၍ ခေတ္တရပ်နားထားကြပါရန်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တရားဝင်ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ ပျက်စီးမှုရှိ/မရှိ စိစစ်ပြီး တင်ပြချက်အပေါ် အဆောက်အအုံ ဆောက်လုပ်ခြင်းအား ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပင်မတိုင်များ ပျက်စီးမှုရှိပါက ဆက်လက်တည်ဆောက်ခွင့်မပြုဘဲ ပြန်လည်တည်ဆောက်ရမည်ဖြစ်ပါသည်။ အဆိုပါအချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# တောင်တွင်းကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**တောင်တွင်းကြီး မေ ၁၃**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက တောင်တွင်းကြီး မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၄)မကွေးတိုင်းဒေသကြီးရုံးမှ ဦးဆောင်၍ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကျပ် ၅၇၁ ဒသမ ၄၅သန်းဖြင့် တည်ဆောက်ခဲ့သည့် တောင်တွင်းကြီးမြို့နယ်၊ ဝွေးကုန်းကျေးရွာ ငမင်ချောင်းရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေးလုပ်ငန်း steel Basket အခြေပြုကျောက်စီမြေထိန်းတမံ အလျားပေ ၁၀၀၀ တည်ဆောက်ခြင်း၊ အလျားပေ ၃၀၀၀၊ အနံပေ ၆၀၊ အနက် ၁၀ပေချောင်းဖြောင့်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃)သို့ ရောက်ရှိရာ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် အလျားပေ ၄၀၊ အနံပေ ၃၀ရှိ အုတ်ညှပ်တစ်ထပ်အဆောက်အအုံအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းအချုပ်ထောင်သို့ရောက်ရှိပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် အချုပ်ထောင်အုတ်ရိုး အလျားပေ ၁၀၀၊ အမြင့် ၅ ပေ၊ ထုနှစ်လက်မခွဲအား ကြည့်ရှုစစ်ဆေးခဲ့ကာ အချုပ်သားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကာ မြေငလျင်လှုပ်ခတ်မှုကြောင့် ပြတိုက်အတွင်း အနည်းငယ်ပျက်စီးခဲ့သည့် နေရာများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

## အကွက်အမှတ်(၁၁-၄)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကထဲမှ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၁၁-၄)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ "ဦးယဉ်ထွေး(ဘ) ဦးထိုင်စိန်း"(၇/ဝမန(နိုင်)၀၆၅၃၅၆)ကိုင်ဆောင်သူအမည်ပေါက်(ဂရန်)အမှုတွဲအမှတ်-၂၀၈၆/၂၀၁၉-၂၀၂၀ အရ(၅-၅-၂၀၂၂)မှ(၄-၅-၂၀၅၂)အထိ နှစ်(၃၀)ရရှိထားသော (ဂရန်)မြေကွက်ဖြစ်ပါသည်။ မြေကွက်အမည်ပေါက်သူ"ဦးယဉ်ထွေး"ထံမှ "ဦးကြိုခွေစိ(ခ)ဦးတင်ထွဋ်(ဘ)ဦးဟုဝါ"(၇/ပခန(ဧည့်)၀၀၀၀၃၁)ကိုင်ဆောင်သူနှင့် "ဦးဟိဏ်းဇော်(ဘ) ဦးကြိုခွေစိ(ခ) ဦးတင်ထွဋ်" (၇/ပခန(နိုင်) ၃၈၆၃၂၈)ကိုင်ဆောင်သူတို့က အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၃၇၃/၂၀၂၀)ဖြင့် လွှဲပြောင်းလက်ခံဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ တောင်ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းရှိ ပိုင်းမြေကွက်လွတ်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထူးကိုယ်စားလှယ်ရရှိထားသူများဖြစ်သည့် "ဦးကြိုခွေစိ(ခ)ဦးတင်ထွဋ်"နှင့်"ဦးဟိဏ်းဇော်"တို့မှ အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဆင့်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ** (LL.B) **ဒေါ်ယဉ်ယဉ်ငွေ** (LL.B)

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်(ဆဆ-၁၂)၊ ဦးပိုင်(၇၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်လပ်သည် ဦးစိန်မြင့်(ဘ) ဦးယောက်ကောင်း(၁၃/လရန(နိုင်)၁၃၂၃၈၉)အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်သူထံမှ ကျွန်ုပ်တို့မိတ်ဆွေက လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်မြတ်သွင်** **ဒေါ်မေသူမြင့်**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**(စဉ်–၁၁၃၆၃)** **(စဉ်–၁၃၇၂၉)**

**အမှတ်(၃၇၄)၊ ၈၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊**

**ဂုန္တန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၁၆၁၁၂၊ ၀၉-၂၅၉၀၅၈၆၉၁**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၀)၊ ဦးပိုင်အမှတ်(၂၄-က)၊ မြို့ဟောင်းဈေးတောင်ဘက်၊ ၈၂လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကိုယ်စား အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးစံအေး(၅/စကန(နိုင်)၀၀၈၁၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၀)၊ ဦးပိုင်အမှတ်(၂၄-ခ)၊ မြို့ဟောင်းဈေးတောင်ဘက်၊ ၈၂လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကိုယ်စား အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးစံအေး(၅/စကန(နိုင်)၀၀၈၁၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၉)၊ ဦးပိုင်အမှတ်(၁၇-ခ)၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၇၄လမ်းနှင့် ၇၅လမ်းကြားရှိ ဦးသိန်းမောင်၊ မသိန်းမေအမည်ပေါက် ဘိုးဘမြေကွက်အား၊ ဒေါ်သိန်းသိန်း(ခ)ဒေါ်သိန်းမေထံမှ မြေကွက်၏ထက်ဝက်ခန့်အား အပေးစာချုပ်အမှတ်(၅၈၅/၁၉၇၂)ဖြင့် ကိတ္တိမသားဖြစ်သူ မောင်မြမောင်အား ပေးကမ်းခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၄၃/၁၉၇၂)ဖြင့် ဦးသိန်းမောင်က ဝယ်ယူခဲ့ပါသည်။ ဖခင် ဦးသိန်းမောင်၊ မိခင်ဒေါ်စော(ခ)ဒေါ်ရီစော၊ သား ဦးလွန်းဝေသိန်း(လူပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးများဖြစ်သော ဒေါ်ခင်အေး(၉/မရမ(နိုင်)၀၂၉၃၆၅)၊ ဒေါ်ခင်ငွေး(၉/မရမ(နိုင်)၀၅၂၁၀၃)၊ ဦးအောင်ဆန်းသိန်း(၉/မရမ(နိုင်)၀၁၄၃၀၇)၊ ဒေါ်ခင်ထွေးသိန်း(၉/မသန(နိုင်)၀၇၅၈၀၇)တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၀)၊ ဦးပိုင်အမှတ်(၂၂-က)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးမာ(၉/မတရ(နိုင်)၀၉၁၆၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်အမှတ်(၃၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧကထဲမှ အနောက်ဘက်ခြမ်း (၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၇)၊ ဦးပိုင်အမှတ်(၃၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးမောင်တင်"အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်ချစ်ချစ်ခိုင်(ဘ)ဦးထွန်းခင်"(၅/ကသန(နိုင်)၀၃၉၀၁၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ** (LL.B) **ဒေါ်ယဉ်ယဉ်ငွေ** (LL.B)

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗ-၂၃)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧကထဲမှ အနောက်ဘက်ခြမ်း (၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၃)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိမြေကွက်မှာ "ဦးဉာဏ်တင်"အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း(၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်မိလုံး(ဘ)ဦးဘငြိမ်း"(၈/မမန(နိုင်)၂၁၃၃၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ယဉ်ယဉ်မေ** (LL.B) **ဒေါ်ယဉ်ယဉ်ငွေ** (LL.B)

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်(၂၈၇+၂၈၈)၊ ဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဦးဘိုအမည်ပေါက် ဂရန်မြေကွက်များဖြစ်ကြပါသည်။ အဆိုပါ ဂရန်မြေကွက်များအား ဦးဘိုထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဦးစန်းလွင်မှ ဝယ်ယူခဲ့ပြီး ဦးစန်းလွင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့်ပင် ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးဘဝင်း(၉/မရမ(နိုင်)၀၆၃၀၉၉)မှ တရားဝင်ဝယ်ယူနေထိုင်ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်များနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးအေးမင်းထွန်း** LL.B **ဒေါ်မေသူဝင်း** LL.B,LL.M, DBL **ဒေါ်မြတ်နှင်းခိုင်** LL.B

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**

**ရုံး–အမှတ်(၆/၄)၊ အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**အိမ်–အမှတ်(၂)၊ (ဗ-၉)၊ (ဃ)ရပ်ကွက်၊ ၁၁၅လမ်း၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၆၁၀၀၁၇၄၊ ၀၉-၃၃၅၃၃၅၇၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ ...

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဝန်ထမ်းများအတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက Prefabricated House အဆောက်အအုံများ စနစ်တကျနေရာချထားပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ဆောင်ရွက်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် အစီအမံများ ကြိုတင်ဆောင်ရွက်ထားရေး၊ မိုးမကျမီ အပြီး ဆောက်လုပ်ထားရှိနိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ အချိန်မီ ဆောင်ရွက်ကြရေးနှင့် ဆောက်လုပ်ပြီးစီးသည့်နေအိမ်များတွင် ဝန်ထမ်းများ စည်းကမ်းတကျ နေထိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ

## ပဒုမ္မာကွင်းတွင် Dagon Port (U-21) အသင်းအား ဂိုးပြတ်အနိုင်ယူကာ ဇယားထိပ်တွင် ဆက်လက်ရပ်တည်နေနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက် (U-21) အသင်း

**ရန်ကုန် မေ ၁၃**

ရန်ကုန်ယူနိုက်တက်လူငယ်အသင်း၏ MNL (U-21) Youth League 2025 ပြိုင်ပွဲ ပွဲစဉ်(၃) အဖြစ် ပဒုမ္မာကွင်းတွင် Dagon Port လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး (၅-၀) ဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်လူငယ်အသင်း၏ သွင်းဂိုးများကို ပွဲချိန် (၁၃)မိနစ်တွင် ထူးဝဏ္ဏ၊ ပွဲချိန် (၂၄)မိနစ်တွင် မောင်တော့တို့က သွင်းယူပေးခဲ့ကာ ပထမပိုင်းအား ရန်ကုန်ယူနိုက်တက်ဘက်မှ (၂-၀) ဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းမှ ကစားအားမချဘဲ ဆက်လက်တိုက်စစ်ဆင်ကစားခဲ့ပြီး ဒုတိယပိုင်းစစချင်း ပွဲချိန် (၄၇)မိနစ်နှင့် (၄၉)မိနစ်များတွင် ကောင်းခန့်ကျော်က ရန်ကုန်ယူနိုက်တက်အတွက် တတိယဦးဆောင်ဂိုးနှင့် စတုတ္ထဦးဆောင်ဂိုးများကို ဆက်တိုက်သွင်းယူပေးနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ပဉ္စမအနိုင်ဂိုးအား လူစားဝင်ကစားသမား ဇေဗိုလ်ဗိုလ်ထွဋ်က သွင်းယူပေးခဲ့ကာ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်က Dagon Port အသင်းအား (၅-၀)ဖြင့် အနိုင်ရရှိခဲ့သည်။



ရန်ကုန်ယူနိုက်တက်(U-21) အသင်းသည် လက်ရှိတွင် ပွဲစဉ် (၃)ပွဲအပြီး ၃ ပွဲနိုင် ၊ ၉ မှတ်ဖြင့် ဇယားထိပ်တွင် ရပ်တည်လျက်ရှိကာ လာမည့် မေလ(၁၉)ရက်နေ့ တောင်ဒဂုံအားကစားကွင်းတွင် ရတနာပုံ (U-21)အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ (NGB)